# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၈၁)


## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲ ပူးပေါင်းကာကွယ် စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

# မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(၂၀၀၆) မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ကျင်းပ

## မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါရုံသာမက ဒေသတွင်း အရှေ့တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများအကြား မဟာဗျူဟာကျသော စီးပွားရေးဇုန်တစ်ခုဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ(၂၀၀၆)ကို ဖွင့်လှစ်ပေးကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁*



**မမြ ရေလှောင်တမံ**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှတာဝန်ယူပြီး ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာ၏ အနောက်မြောက်ဘက်တစ်မိုင်ခန့်အကွာတွင် မမြချောင်းကိုပိတ်၍ တမံအမြင့်ပေ ၁၅၀၊ တမံအလျားပေ ၁၁၈၀၀ ရှည်ပြီး မြေသားတမံအမျိုးအစား မမြရေလှောင်တမံ၏ ရေသိုလှောင်ထားရှိမှု မြင်ကွင်းအလှကို ဒီဇင်ဘာ ၈ ရက်က ဤသို့ခံညားထည်ဝါစွာ တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

# စီးပွားရေးမျှော်မှန်းချက်များ အောင်မြင်ရေး အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်း

နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ၁၉၈၈ ခုနှစ်မှစ၍ ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက် စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။

နိုင်ငံတော်အစိုးရသည် ၁၉၈၉–၉၀ ခုနှစ်မှ ၁၉၉၁–၉၂ ခုနှစ်အထိ သုံးနှစ်တာကာလ အတွင်း စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်ခဲ့ရာ တိုးတက်မှု ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးတိုးတက်ကောင်းမွန်လာစေရေးအတွက် ကာလတိုလေးနှစ် စီမံကိန်းများချမှတ် ဆောင်ရွက်ခဲ့သည်။ စီးပွားရေးတစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်းမှာ ၁၉၉၂–၉၃ ခုနှစ်မှ ၁၉၉၅–၉၆ ခုနှစ်အထိ ၇ ဒသမ ၅ ရာခိုင်နှုန်း၊ ၁၉၉၆–၉၇ ခုနှစ်မှ ၂၀၀၀–၂၀၀၁ ခုနှစ်အထိ ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၀၁–၂၀၀၂ ခုနှစ်မှ ၂၀၀၅–၂၀၀၆ ခုနှစ်အထိ ၁၂ ဒသမ ၈ ရာခိုင်နှုန်းရှိလာခဲ့သည်။

နိုင်ငံတော်က စီးပွားရေးလုပ်ငန်းများ ဆက်လက် တိုးတက်အောင်မြင်ရေးအတွက် ၂၀၀၆–၂၀၀၇ ခုနှစ်မှ ၂၀၁၀–၂၀၁၁ ခုနှစ်အထိ စတုတ္ထကာလတို ငါးနှစ်စီမံကိန်းအဖြစ် လျာထား၍ စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ ၁၂ ရာခိုင်နှုန်းတိုးတက်ရန် မျှော်မှန်း ဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေး မျှော်မှန်းချက်များ ဆက်လက်အောင်မြင်ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် တိုးတက်သည်ထက် တိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပင်းတယမြို့နယ် ခြစ်စည်းရိုးကြက်ဆူ စံပြစိုက်ခင်း တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး စစ်ဆေး ဆေးနှင့်ပစ္စည်းများလှူဒါန်းပွဲ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၉

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ပင်းတယမြို့နယ် ကျုံးကျေးရွာအုပ်စုရှိ ခြစ်စည်းရိုးကြက်ဆူစံပြ(၃)ဧက စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ဆက်လက်၍ တိုင်းမှူးသည် ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ ထောက်ပံ့သော ဆေးနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

### ပေးအပ်

ထို့နောက် ရှမ်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်က မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့သည့် စက်ဘီးနှစ်စီး၊ ဂျာနယ်၊ မဂ္ဂဇင်း၊ လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင်လျှောက်လွှာများကို ပင်းတယမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြစန်းနှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်မေနှင်းတို့ထံ ပေးအပ်သည်။

### အဆိုပြုလွှာပေး

ယင်းနောက် ပင်းတယမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဆိုပြုလွှာများကို ကိုယ်စားလှယ်ကျောင်းသူနှစ်ဦးက ပေးအပ်ရာ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က လက်ခံရယူသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန် ဒေါက်တာမိုးမိုးကြည်နှင့် ဆေးရုံဝန်ထမ်းများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်၍ ပင်းတယမြို့၌ တည်ဆောက်မည့် "မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ" အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ပင်းတယမြို့နယ်ခန်းမရုံ၌ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးသည် ပင်းတယမြို့ ပုန်းတလုတ် ရေကန်သို့ ရောက်ရှိပြီး ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ် သာယာလှပရေး စနစ်တကျ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### မှာကြား

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ဟန်မြင့်မိုရ်–မြို့ကြီး–အောင်ပန်းလမ်း မိုင်တိုင်အမှတ်(၅၄/၆)သို့ ရောက်ရှိပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၀–၁၂–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း–၁)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၇)

## နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ အာဆီယံလူငယ်များလေ့လာ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ASEAN Campus Journalists/ Leaders Exchange Programme အစီအစဉ်အရ ထိုင်း၊ လာအို၊ မြန်မာနိုင်ငံမှ လူငယ် ၂၉ဦးတို့သည် ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ ၁ နာရီခွဲတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ လာရောက်လေ့လာကြသည်။

ရှေးဦးစွာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)က နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့ဝင်များက ရိပ်သာအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ ဘိုးဘွားများ နေထိုင်ရာအဆောင်များ၊ ဆေးရုံနှင့် ရိပ်သာအတွင်း လှည့်လည်ရှင်းလင်းပြသကြသည်။ **(က–ပ)**



(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံ အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဒီဇင်ဘာ ၁၇ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြင့်မြင့်မော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၁၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ သိကြားမင်းရေးသော ခန္တီစာတမ်းတရားတော် (သီတဂူဆရာတော်)
- ၇:၄၅ တေးဂီတအစီအစဉ်
- ၇:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၈:၀၅ မျက်စိအတွင်းတိမ် ရေတိမ်ရောဂါအကြောင်း သိကောင်းစရာ (ဒေါက်တာ ထွန်းအောင်ကျော်)
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ နိုင်ငံတကာအနုပညာရေးရာ
- ၉:၀၀ တေးဂီတအစီအစဉ်
- ၉:၀၅ ပြည်နယ်အလှ ကျောက်ပြားသာကေ
- ၉:၂၀ တေးဂီတအစီအစဉ်
- ၉:၂၅ Midweek Sports News
- ၉:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၄၅ ဖိတ်ခေါ်ချင်သည် တောင်စခန်းမြို့ဆီ
- ၁၀:၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၅ MRTV-4 စာအုပ်ကဏ္ဍ [မောင်စိန်ဝင်း (ပုတီးကုန်း)နှင့် တွေ့ဆုံခြင်း]
- ၁၀:၂၅ တေးဂီတအစီအစဉ်
- ၁၀:၃၀ နည်းပညာစွမ်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်မည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (အပိုင်း–၂)
- ၁၁:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၀ Myanmar Video Rhythm
- ၁၂:၀၀ တေးဂီတအစီအစဉ်
- ၁၂:၀၅ ဒေသရော အစားအစာ ပုသိမ်ဟာလဝါ
- ၁၂:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၂၀ တေးဂီတအစီအစဉ်
- ၁၂:၂၅ Fashion Fever (အေးမြတ်သူနှင့် တွေ့ဆုံခြင်း)
- ၁:၀၀ MRTV-4 အပိတ် Logo၊

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၀၇:၀၀ နာရီမှ ၁၃:၀၀နာရီအထိ တစ်ကြိမ်၊ နေ့လယ် ၁၃:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိတစ်ကြိမ်၊ ည ၁၉:၀၀ နာရီမှ နံနက် ၀၁:၀၀ နာရီအထိ တစ်ကြိမ်၊ နံနက် ၀၁:၀၀ နာရီမှ ၀၇:၀၀ နာရီအထိ တစ်ကြိမ်၊ လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF အင်တာနက်ဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂:၀၀ | AC Milan-Catania | 5-Sports (Live) |

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး
## စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းအတွက် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းအဖြစ် အောက်ဖော်ပြပါလုပ်ငန်းကြီး(၅)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

**(၁) စေတီတော်ကြီးအား ရွှေစင်ရွှေပြားနှင့် မျက်ပါးရွှေသင်္ကန်းများကပ်လှူခြင်း၊**
**(၂) မုခ်ဦးနှင့် မဟာရံတံတိုင်းတို့ကို ဆေးသုတ်မွမ်းမံခြင်း၊**
**(၃) ရင်ပြင်တော်လျှောက်လမ်းကို နေပူခံကျောက်ပြားများခင်းခြင်း၊**
**(၄) သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံဆေးသုတ်ခြင်း၊**
**(၅) လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊**

အဆိုပါလုပ်ငန်းကြီး (၅)ရပ်အတွက် စေတနာရှင်၊ ကုသိုလ်ရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်း ကုသိုလ်ယူလိုပါက အောက်ပါဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်–

- ဦးခင်မောင်ဌေး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း ၀၁–၅၃၅၅၅၃၊ ၅၃၅၈၀၀
- ဗိုလ်မှူးကြီးအောင်မျိုးမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖုန်း ၀၁–၅၃၇၉၄၉၊ ၅၃၅၉၇၃
- ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁–၂၉၀၄၂၅

**ရွှေဘုန်းပွင့်စေတီတော်**
**ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဗဟိုကော်မတီ။**

## ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ
## (ဝီဟိဝိနယဆုံးမစာ၊ လူတို့ကို ဆုံးမကြောင်းတရား လူ့ကျင့်ဝတ်)
## လောင်းကစားခြင်း အပြစ် ၆–ပါး

မြတ်စွာဘုရားရှင်သည် သိင်္ဂါလ လုလင်အား မေ့လျော့ကြောင်းဖြစ်သော လောင်းကစားလေ့ရှိခြင်းသည် အပြစ် ၆–ပါး ရှိကုန်၏ဟု ဟောကြားတော်မူခဲ့ပါသည်။

- မိမိနိုင်သော်ရန်များ၏။
- မိမိရှုံးသော်မူ ဥစ္စာအတွက် ပူပန်ရ၏။
- ကိုယ်တွေ့ မျက်မြင် ဥစ္စာဆုတ်ယုတ်၏။
- တရားရုံးများ၌ အရေးကြုံ၍သက်သေလိုက်ရပါက ထိုသူ၏စကားကို အတည်မယူကြပါ။
- အဆွေခင်ပွန်းတို့သည် မထေမဲ့မြင် ပြုအပ်၏။
- "ဤသူသည် ကစားသမားတည်း မယားကိုကျွေးမွေးရန် မစွမ်းနိုင်"ဟု သမီးပေးသားယူ ပြုလိုကုန်သောသူတို့သည် အလို မရှိအပ်။

လောင်းကစားခြင်း အပြစ်၆–ပါးကို မှတ်သားရလွယ်ကူစေရန် ဆရာတော်ဦးဗုဓ်က လင်္ကာဖွဲ့၍ စပ်ဆိုခဲ့သည်မှာ–

**"အောင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါးကြွေအန် အပြစ်တည်း"**

ထို့ကြောင့် လောင်းကစားသည် မိမိဆောင်ရွက်ရန်ရှိသည့် ကောင်းမှုများကို မေ့လျော့ပျက်စီးစေသည်။ ဘဝပျက်ရာ ပျက်ကြောင်းအတွက် ရှေ့ပြေးနိမိတ်ပင်ဖြစ်သောကြောင့် လောင်းကစားမှုကို နည်းသည်ဖြစ်စေ များသည်ဖြစ်စေ အလေ့အကျင့် အလေ့အထ ဝါသနာမထုံအပ်ကုန်။ ။

**(သာသနာရေး)**

● **ကျောဖုံးမှ**

ယင်းနောက် ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ချီးမြှင့်သည့် အကောင်းဆုံး ခရိုင်ရုံးစိုက်ရာ မြို့နယ်စည်ပင်သာယာလုပရေး အကောင်းဆုံး မြို့နယ်ဆုနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆုများနှင့်ပတ်သက်သည့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်မြင့်က သန်လျင်မြို့နယ်သန့်ရှင်းသာယာလုပရေးလုပ်ငန်းများကိုလည်းကောင်း၊ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြူညွန့်က ကျောက်တန်းမြို့နယ်ကို ၂၀၀၃–၂၀၀၄ခုနှစ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ် ပထမဆုနှင့် ခရိုင်ရုံးစိုက်ရာ အကောင်းဆုံးမြို့နယ် တတိယဆုများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် မြို့နယ်သန့်ရှင်းသာယာလုပရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှစိုးနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က သန်လျင်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြို့သန့်ရှင်းသာယာလုပရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းမှူးသည် သန်လျင်မြို့နယ် ငါးပြေမကျေးရွာအနီး ရန်ကုန်–သန်လျင် တံတားအမှတ်(၂) တံတားချဉ်းကပ်လမ်းပေါ်ရှိ ဘော့ချောင်းတံတားကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများအားတွေ့ဆုံ၍ စပါးအထွက်နှုန်းတိုးစေရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်သုံးစွဲကြရေး၊ ကုန်ကျစရိတ်နည်းပါးပြီး စပါးအထွက်နှုန်းကောင်းစေသည့် ဒိုချက်ကင်း သဘာဝမြေဩဇာပြုလုပ်သုံးစွဲကြရေးနှင့် လယ်မြေအတွင်း စိုက်ပျိုးရေရရှိရေးအတွက် အနိမ့်ရေတင်စက်၊ လက်နှိပ်ရေတင်စက်၊ ခြေနင်းရေတင်စက်နှင့် ခန္တိတို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရေး မှာကြားပြီး ဒေသခံတောင်သူများအား ဒိုချက်ကင်း သဘာဝမြေဩဇာပြုလုပ်ရာတွင် သုံးစွဲရသည့် တင်လဲရည်များကို ပေးအပ်၍ ဒေသခံတောင်သူများအား ဒိုချက်ကင်း သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းစနစ် လက်တွေ့ပြသမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရန်ကုန်–သန်လျင် တံတားအမှတ်(၂) တည်ဆောက်မှု၊ စီမံကိန်းတံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က စီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

**ဖြည့်စွက်ရှင်းလင်း**

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)၏ ရန်ကုန်–သန်လျင် တံတားအမှတ်(၂)မှ သီလဝါ စက်မှုဇုန်လမ်းသို့ ဆက်သွယ်သည့် အရှည် ၁၀ မိုင် ၂ ဖာလုံရှိ ခြောက်လမ်းသွား လမ်းမကြီးဖောက်လုပ်ခြင်း စီမံကိန်း ရှင်းလင်းဆောင်၍ စီမံကိန်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးရဲထွန်းက စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က စီမံကိန်းနှင့် စပ်လျဉ်း၍ ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက လိုအပ်သည်များ မှာကြားပံ့ပိုး ဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးသည် ဇာမဏီရေလှောင်တမံအနီး၌ သန်လျင်မြို့နယ် လက်ယက်စမ်း၊ ဘုရားကုန်းနှင့်အလွမ်းဆွတ်ကျေးရွာများမှ ဒေသခံတောင်သူများအားတွေ့ဆုံ၍ စပါးအထွက်နှုန်းကောင်းစေသည့် ဒိုချက်ကင်းသဘာဝမြေဩဇာပြုလုပ်ရာတွင် သုံးစွဲရသော တင်လဲရည်များကို ပေးအပ်သည်။

**လိုအပ်သည်များမှာကြား**

ဆက်လက်၍ တိုင်းမှူးသည် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန်လျင်မြို့နယ် ကျောင်းကုန်း–ဆိပ်ကြီးလမ်းနှင့် အလွမ်းဆွတ်ကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် အရှည် ၈၈၃၅ ပေ၊ အကျယ် ၁၈ပေ၊ အမြင့် ၂ပေရှိ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မအူပင်မြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးအသင်းဝင်များ ပူဇော်ကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပါရဂူဘွဲ့ရအသင်းဝင်များနှင့် အသင်းဝင်သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ခမ္ဘာရုံ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ကန်တော့ခံမည့် အသင်းဝင်များ၊ ဆုရကျောင်းသူကျောင်းသားများ၊ ပါရဂူဘွဲ့ရ အသင်းဝင် သားသမီးများ၊ အသင်းဝင် မိသားစုများနှင့် မြို့နယ်သူမြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရန်ကုန်မြို့ အလုံမြို့နယ် သစ်တောလမ်း အမှတ် ၁၁၁/ဘီ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ ပါမောက္ခ ဒေါက်တာဒေါ်သန်းတိုး ၊ သား မောင်ကျော်တိုးထွန်း၊ မောင်ဇော်တိုးထွန်း၊ သမီး မခိုင်မာလာသိန်း ဓမ္မ(၆၃)စေတီအလှူရှင် မိသားစုက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေစေတီရုံများ နှစ်စဉ်ရွှေသင်္ကန်း ကပ်လှူနိုင်ရန် ရာသက်ပန် ရွှေသင်္ကန်းထာဝရပဒေသာတစ်ပင် ကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က–ပ)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ပြန်/ဆက် ပြပွဲနှင့်ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို အမှတ်(၃၄)စံပြရပ်ကွက် ကျွန်းရွှေဝါစာကြည့်တိုက်ရှေ့တွင် ဒီဇင်ဘာ ၁၄ရက်က ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မိုးနိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်လှလှဌေးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ပြောကြားပြီး စာရေးဆရာမ ဒေါ်မြမြလှိုင်က လွတ်လပ်ရေးဗိမာန်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။

**(မြို့နယ် ပြန်/ဆက်)**



## ပျို့ရွှယ်သူမျိုးဆက်ပွား ကျန်းမာရေးသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်သော ပျို့ရွှယ်သူမျိုးဆက်ပွား ကျန်းမာရေးသင်တန်း (၂/၂၀၀၆)ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးဒေါက်တာလှမြင့်က သင်တန်းဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

ယင်းသင်တန်းမှာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ၂၀၀၆ ခုနှစ်အတွင်း ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတွင် ရန်ကုန်တိုင်း ခရိုင်လေးခရိုင်မှ လူငယ်သင်တန်းသား ၃၅ ဦး တက်ရောက်ကြသည်ဟု သိရှိရသည်။

**(သတင်းစဉ်)**

# အာဖဂန်နစ္စတန်၌ ကျောင်းအဆောင် ၁၀၀၀ တည်ဆောက်မည်

ကဘူးလ် ဒီဇင်ဘာ ၁၉

အာဖဂန်နစ္စတန် ပညာရေးဝန်ကြီးဌာနသည် ကျောင်းအဆောင် ၁၀၀၀ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း အများစုမှာ မူလတန်းကျောင်းများဖြစ်ကြောင်း ဒေသထုတ် သတင်းစာတစ်စောင်တွင် ဖော်ပြသည်။

## တည်ဆောက်

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ကျောင်းအဆောင် ၁၀၀၀ တည်ဆောက်ရန် ကမ္ဘာ့ဘဏ်ကထောက်ပံ့ပေးမည်ဖြစ်ရာ လာမည့်လေးလအတွင်းအပြီး တည်ဆောက်မည်ဖြစ်ကြောင်း ပညာရေးဒုတိယဝန်ကြီး ဆီဒစ်ရာမွန်၏ ပြောကြားချက်ကို အဆိုပါ သတင်းစာက ကိုးကားဖော်ပြသည်။

## ပြိုကျ

အာဖဂန်အစိုးရသည် လွန်ခဲ့သော ငါးနှစ်ကျော်က ထောင်ပေါင်းများစွာသော စစ်ပွဲကြောင့်ကျောင်းများ ပြိုကျခဲ့မှုများကို ပြုပြင်တည်ဆောက်ခဲ့သော်လည်း ပြိုကျနေသောကျောင်းများ ဆက်လက်ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ဘဏ္ဍာရေး အဆောက်အအုံကို ဒီဇင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(အဆိုပါ အဆောက်အအုံသည် ၄၉၂ မီတာမြင့်ပြီး အထပ်၁၀၁ ထပ်ပါရှိကာ ရှန်ဟိုင်းမြို့၏ အကြီးဆုံးအဆောက်အအုံဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**



ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ စတိုးဆိုင်တစ်ဆိုင်၌ ခင်းကျင်းပြသထားသည့် စိန်ပွင့် ၁၀၀မြှုပ်ထားသည့် ခရစ္စမတ်ချောကလက်ကိတ်မုန့်တစ်ခုကို ဒီဇင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

(ယင်းကိတ်မုန့်သည် အရှည် ၁၃ လက်မရှိကာ အာဖရိကစိန်ကာရက်၅၀ မြှုပ်နှံထားပြီး ယန်းငွေသန်း၁၀၀ဖြင့် ရောင်းချမည်ဖြစ်သည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# တောင်အာဖရိက၌ ဓာတ်ငွေ့ယိုစိမ့်မှု မိသားစုဝင် ခုနစ်ဦးသေဆုံး

**ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၁၉**

တောင်အာဖရိကနိုင်ငံ အမ်ပူမာလန်ဂါပြည်နယ် အာမလိုမြို့ရှိ နေအိမ်တစ်အိမ်၌ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် မိသားစုဝင်ခုနစ်ဦး သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၁၆ရက်တွင် ပြောကြားသည်။

## အိပ်ပျော်နေ

ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဒီဇင်ဘာ ၁၅ရက်က ၎င်းတို့မိသားစုဝင်များဖြစ်သည့် ကိုးလအရွယ် ကလေးငယ်တစ်ဦး၊ ငါးနှစ်အရွယ်နှင့် ခုနစ်နှစ်အရွယ်ကလေးနှစ်ဦး၊ အသက် ၃၁နှစ်အရွယ် မိခင်နှင့် သက်ကြီးရွယ်အိုသုံးဦးတို့ ၎င်း၏နေအိမ်၌ အိပ်ပျော်နေစဉ် သေဆုံးရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက အက်စ်အေပီအေသတင်းဌာနသို့ ပြောကြားသည်။

အိပ်ခန်းတွင်းသို့ မီးဖိုမှ ဓာတ်ငွေ့ယိုစိမ့်ခြင်းဖြစ်သည်ဟု ယုံကြည်ရသည်ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အိမ်နီးချင်းနိုင်ငံများအား နျူကလီးယားနည်းပညာပေးရန်အသင့်ရှိ အီရန်သမ္မတ အမာဒီနီဂျက် ထုတ်ဖော်ပြောကြား

တီဟီရန် ဒီဇင်ဘာ ၁၉

**အီရန်နိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယားနည်းပညာများကို အိမ်နီးချင်းနိုင်ငံများအား ဖြန့်ဝေပေးရန် အသင့်ရှိကြောင်း သမ္မတအမာဒီနီဂျက် က ဒီဇင်ဘာ ၁၆ ရက်၌ ပြောကြားခဲ့သည်ကို ၎င်း၏ဝက်ဆိုက်ဘ်တွင် ဖော်ပြထားသည်။**

ရေနံအတွက် အစားထိုး၍ အသုံးပြုနိုင်သော နျူကလီးယားစွမ်းအင်နည်းများကို ဒေသတွင်းနိုင်ငံများသို့ ထောက်ပံ့ပေးရန်အတွက် အီရန်အစ္စလာမ်သမ္မတနိုင်ငံက အသင့်ရှိကြောင်း အမာဒီနီဂျက်က ပြောကြားလိုက်သည်။

## ဆုံးဖြတ်ခဲ့

ပြီးခဲ့သော သီတင်းပတ်က ရီးယာ့ဒ်မြို့၌ ကျင်းပသော ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ)က နျူကလီးယားစွမ်းအင် စက်ရုံများတည်ဆောက်ရန် ဆုံးဖြတ်ခဲ့ခြင်းကို အီရန်သမ္မတက ကြိုဆိုလိုက်သည်။

အဆိုပါ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီသည် နျူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ရည်မှန်းချက်အစီအစဉ်တစ်ရပ်ရေးဆွဲရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန် လွန်ခဲ့သောဒီဇင်ဘာ၁၇ရက်က ကြေညာခဲ့သည်။

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီတွင် ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ ကာတာ၊ အိုမန်၊ ဘာရိန်းနှင့် ယူအေအီးနိုင်ငံတို့ပါဝင်ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာဆီယံ တက္ကသိုလ်ကျောင်းသားများ အားကစားပြိုင်ပွဲ ဗီယက်နမ်၌ စတင်ဖွင့်လှစ်

**ဟနွိုင်း ဒီဇင်ဘာ ၁၉**

(၁၃)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်ကျောင်းသားများ အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ရက်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဖွင့်လှစ်ခဲ့သည်။

အာဆီယံကျောင်းသား အားကစားပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ်ကျင်းပရာ ဗီယက်နမ်သည် အိမ်ရှင်နိုင်ငံအဖြစ် ပထမအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။

## ယှဉ်ပြိုင်

အားကစားနည်း ၁၂မျိုး၌ ယှဉ်ပြိုင်သူ ၁၅၇ဦးပါဝင်ပြီး ၎င်းအားကစားနည်းများမှာ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ စစ်တုရင်၊ ဘောလုံး၊ ကရာတေး၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်နှင့် ဘော်လီဘောစသော အားကစားနည်းတို့ပါဝင်သည်။

## ကျင်းပမည်

၂၀၀၈ခုနှစ် (၁၄)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲကို မလေးရှားနိုင်ငံတွင် ကျင်းပမည် ဖြစ်ကြောင်းသိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ကုလသမဂ္ဂ ညီလာခံက အတည်ပြု

နယူးယောက် ဒီဇင်ဘာ ၁၉

**မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံက တညီတညွတ်တည်း အတည်ပြု ပေးလိုက်သည်။**

အတည်ပြုသည့် နိုင်ငံများအနေဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေများ ပြဋ္ဌာန်းရမည် ဖြစ်သည်။ နိုင်ငံပေါင်း ၂၀က အတည်ပြုသည်နှင့် တစ်ပြိုင်နက် ထိုသဘောတူ စာချုပ်မှာ စတင်သက်ဝင်မည် ဖြစ်သည်။ ကမ္ဘာပေါ်တွင် မသန်စွမ်းသူ သန်းပေါင်း ၆၅၀ ရှိမည်ဟု ယူဆသည်။

## အကောင်အထည်ဖော်

သဘောတူစာချုပ်ကို အတည်ပြုရန်နှင့် လက်တွေ့ စတင်အကောင်အထည်ဖော်ရေးမှာ ယခုအခါတွင် ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၂ နိုင်ငံ၏ တာဝန်သာလျှင် ဖြစ်သည်။

## ပြောကြား

ဤသဘောတူစာချုပ်မှာ နိုင်ငံတကာ ဥပဒေသမိုင်းတွင် အမြန်ဆုံးညှိနှိုင်းရရှိသည့် လူ့အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ဖြစ်ပြီး ၂၁ ရာစုနှစ်အတွင်း ပထမဆုံးသော လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်လည်း ဖြစ်သည်ဟု ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် မတ်မားလောက် ဘရောင်းက ပြောကြားသည်။ **(အင်တာနက်)**

# အင်ဒိုနီးရှားတွင် လျှော်လှုပ် လေးဦးသေဆုံး နေအိမ်များပျက်စီး

**ဂျကာတာ ဒီဇင်ဘာ ၁၉**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် ဒီဇင်ဘာ ၁၈ရက် နံနက်ပိုင်းက အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်သွားရာ လေးဦးသေဆုံးပြီး နေအိမ်များပျက်စီးသွားခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက သတင်းထုတ်ပြန်သည်။

အင်အား ၅ ဒသမ ၈ အဆင့်ရှိ အဆိုပါငလျင်သည် ဆူမတြားကျွန်းကမ်းခြေကို ဗဟိုပြုလှုပ်ခတ်သွားခဲ့ကြောင်း၊ အနည်းဆုံး လေးဦးသေဆုံးပြီး အဆောက်အအုံနှစ်လုံး ပြိုကျပျက်စီးသွားခဲ့ကြောင်း၊ သို့ရာတွင် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခြင်း မရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**






မလေးရှားနိုင်ငံ ဆာဘတ်ပြည်နယ် ပူလောဂါရာကမ်းလွန်တွင် သေဆုံးလျက်ရှိသော မီတာ ၂၀ ရှည်သည့် ဝေလငါးတစ်ကောင်အား ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်ဆရာတော် မဟာဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဝေဠုဝန်သာသနာပိုင် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ဝေဠုဝန်) ဘဒ္ဒန္တနာဂဝံသ ဝေဠုဝန်ဆရာတော်၏ မဟာဂုဏဝိသိဋ္ဌ ပူဇာသဘင် မင်္ဂလာ အခမ်းအနား**(ယာပုံ)**ကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ဝေဠုဝန်ကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားတွင် ဝေဠုဝန်ဆရာတော်က ဩဝါဒကထာမြွက်ကြားပြီး ဆရာတော်ကြီးနှင့် ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူးဦးကျော်စန်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ရတနာအုတ်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒမာလာ အရှင်သူမြတ်က အနုမောဒနာတရားချီးမြှင့်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချကာ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(က-ပ)**



## သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၂၈ရက်အထိ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်မြတ် ရွတ်ဖတ်ပူဇော်ပြီး ဇန်နဝါရီ ၂၈ရက် နံနက် ၉နာရီတွင် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော် ဩဝါဒါစရိယဆရာတော်များ၊ ပင့်သံဃာ ၁၀၈ပါးနှင့် သီလရှင်၃၁ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## အထက(၁) လမ်းမတော်(စိန့်ဂျွန်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၁၉၆၈-၈၄ ပညာသင်နှစ် ကျောင်းသားဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စွမ်းအားခန်းမ (ကျောင်းခန်းမကြီး)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး စုံညီတွေ့ဆုံကုသိုလ်ယူပွဲသို့ မပျက်မကွက် တက်ရောက်ကြရန် ပူဇော်ပွဲကျင်းပရေးအဖွဲ့က နှိုးဆော်ထားသည်။

ပါဝင်လှူဒါန်းလိုသော ကျောင်းသားဟောင်းများသည် ကိုမျိုးသိမ်း ဖုန်း-၂၁၀၆၇၅လိုင်းခွဲ(၂၀၁)၊ ဒေါက်တာဟံဝင်း ဖုန်း-၀၉-၅၀၁၃၁၈၉၊ ကိုဝင်းကို ဖုန်း-၇၀၁၁၅၇၊ကိုသက်ဌေး ဖုန်း-၀၉-၅၀၀၆၆၅၂၊ ကိုညိုထွန်း ဖုန်း-၅၈၅၀၀၇၊ ကိုခင်စိန် ဖုန်း-၂၂၄၀၃၀၊ ကိုဉာဏ်ထွန်း ဖုန်း-၀၉-၅၀၁၃၈၃၇၊ ကိုမင်းသိမ်း ဖုန်း-၀၉-၅၁၄၄၆၆၁၊ ဒေါက်တာ မြင့်စိုး ဖုန်း-၀၉-၉၉၂၅၁၀၅၊ ကိုဝင်းကြည် ဖုန်း-၀၉-၅၁၇၀၉၁၉၊ ကိုမင်းသွင်ညွန့် ဖုန်း-၀၉-၅၀၀၆၉၉၀၊ ကိုအောင်တင့် ဖုန်း-၀၉-၅၀၀၁၂၃၀၄၊ ဒေါက်တာထွန်းမြတ် ဖုန်း-၂၂၁၉၆၆၊ ကိုဇော်ဝင်းဦး ဖုန်း-၂၂၇၉၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကျောက်တန်းမြို့နယ် မီးပြစံပြကျေးရွာ စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မီးပြစံပြကျေးရွာတွင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူလူထုများ၊ စာပေဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်း အတွင်းရေးမှူး ဦးသောင်းဝင်း (မောင်နီမှိုင်း-ကျောက်တန်း)က ဆောင်ရွက်သည်။ ရှေးဦးစွာ မြို့နယ် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးဝင်း (မော်ဝန်းဝင်းမြတ်)က မိတ်ဆက်အဖွင့်အမှာစကား ပြောကြားပြီး စာရေးဆရာညွန့်ဟံ (ကြူတော)က 'စာပေပုံရိပ်' အကြောင်းကိုလည်းကောင်း၊ စာရေးဆရာချစ်နိုင် (စိတ်ပညာ) **(ဝဲအောက်ပုံ)** က 'လူဖြစ်ရတဲ့ရည်ရွယ်ချက်'ကို လည်းကောင်း၊ စာရေးဆရာချစ်စံဝင်းက 'ဘဝနှင့်စာပေ' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး စာပေရေးရာများ ဟောပြောကြသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (စိတ်ပညာ) က မီးပြစံပြကျေးရွာရှိ **'ပျိုးခင်းသစ်'** စာကြည့်တိုက်သို့ သုတ၊ ရသ၊ စာအုပ်၊ စာစောင်၊ ဂျာနယ်များကိုပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကျော်မြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**





## သထုံမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

သထုံမြို့နယ်အသင်း၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင် အသင်းဝင်သားသမီးများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ စုံညီစွာတက်ရောက်ကြပါရန်နှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင်များ၏ သားသမီးများ စာရင်းကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ ၅၁၀၆၆၃၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၂၁၄၆၁၁၊ အတွင်းရေးမှူး ဦးအောင်မြင့်လွင် ဖုန်း-၅၇၂၁၉၄ နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်မကြီး ဖုန်း-၅၇၇၆၅၈ တို့သို့ ဆက်သွယ်သတင်းပို့ပါရန် လှူဒါန်းလိုသူများလည်း ဆက်သွယ်နိုင်ကြောင်းနှင့် နှစ်စဉ်ပညာရည်ချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူများလည်း မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**



**မိဘဦးခို-ဒေါ်ငွေစိန်တို့အားရည်စူး၍ အမှတ် ၁၅ ဆရာခို ကျောင်းလမ်း ဗဟန်းမြို့နယ်နေ ဒေါ်စိန်စိန်ဌေးနှင့် မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ၂၃၅၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က-ပ)

## တောင်ဝင်ရိုးစွန်းမှ နှစ် ၄၀၀၀၀က လေတိုက်မှုမှတ်တမ်း သိပ္ပံပညာရှင်များ ပြန်လည်ဆက်စပ်ဖော်ထုတ်ခဲ့ကြ

**တောင်ဝင်ရိုးစွန်းမှ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀၀က လေတိုက်မှု အခြေအနေမှတ်တမ်းကို အမေရိကန် သိပ္ပံပညာရှင် များက ပြန်လည်ဆက်စပ် ဖော်ထုတ်ခဲ့ကြသည်။**

### အချက်အလက်

ရေခဲတွင်းနက်ကြီးနှစ်ခုအတွင်း မြင်တွေ့ရသည့် ဖုန်ထုလွှာပျံ့နှံ့မှုကိုတိုင်းတာလျက် သိပ္ပံပညာရှင်များက ရာသီဥတုဆိုင်ရာ အချက်အလက်များကို စုစည်းကြမည်ဖြစ်သည်။

### ဖြစ်နိုင်ခြေ

ထိုဖုန်ထုလွှာများကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် ကာလီဖိုးနီးယား ဘာကလေတက္ကသိုလ် သိပ္ပံပညာရှင်များသည် ရှေးခေတ်က မချောမွေ့သော ဆီးနှင်းမျက်နှာပြင်များ မည်သို့ဖြစ်ပေါ်ခဲ့သည်ကို ခန့်မှန်း တွက်ချက်နိုင်သည်။ သို့ဖြင့် လေတိုက်ခတ်မှုနှုန်း၏ ဖြစ်နိုင်ခြေ စွမ်းအင်ပမာဏကို ခန့်မှန်းနိုင်သည် ဆို၏။ ။

**(ကိုးကား-အင်တာနက်)**



**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**



## ဖန်လုံအိမ်အာနိသင် လျော့ပါးရေး သစ်ပင်စိုက်မှုသတိပြု

**ဖန်လုံအိမ် အာနိသင်ခေါ် တစ်ကမ္ဘာလုံးပူနွေးမှု တိုက်ဖျက်ရေးအတွက် သစ်ပင်သစ်တောများစိုက်ခြင်းမှာ အချိန်ဖြုန်းမှုတစ်ရပ် ဖြစ်ကောင်းဖြစ်နိုင်ကြောင်း၊ အထူးသဖြင့် အီကွေတာနှင့်ဝေးသော ဒေသများ၌ သစ်ပင် စိုက်ပျိုးခြင်းမှာ အလဟဿဖြစ်ကြောင်း သုတေသနတွေ့ရှိချက်များအရ သိရသည်။**

### ဆိုးကျိုး

အီကွေတာနှင့်ဝေးသော ဒေသများ၌ သစ်ပင်စိုက်ခြင်းမှာ ကောင်းကျိုးထက် ဆိုးကျိုးပင်ပိုဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ဆိုသည်။ အပူပိုင်းဇုန်တွင် စိုက်ပျိုးမှသာလျှင် ထိုသစ်ပင်များက အမှန်တကယ် ကမ္ဘာကြီးကို အေးချမ်းအောင် ဖန်တီးပေးကြောင်း ကွန်ပျူတာပုံစံငယ်ပြုနည်းအတတ်က ဖော်ပြလျက်ရှိသည်။

### အကျိုးမထူး

အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံ အများအပြားတည်ရှိသည့် အီကွေတာနှင့် မနီးမဝေးဒေသများ၌ သစ်ပင်စိုက်ခြင်းဖြင့် အကျိုးမထူးသလောက်ရှိသည်။ ရာသီအလိုက် နှင်းဖုံးနေသည့် ဒေသများ၌ သစ်ပင်စိုက်ပျိုးလျှင် ဆိုးကျိုးပင် ဖြစ်ပေါ်စေနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောဆိုသည်။ ။ (ကိုးကား-အင်တာနက်)





# ခြံစည်းရိုးကြက်ဆူပင်များ ပိုးမွှားရောဂါများကျရောက်မှုမရှိအောင်စနစ်တကျပြုစုပျိုးထောင် သီးနှံများအချိန်မီ သီးထပ်စိုက်ပျိုးနိုင်ရေး လယ်ယာသုံးစက်ကိရိယာများ အကျိုးရှိစွာအသုံးပြု

ရန်ကုန် ဒီဇင်ဘာ ၁၉

**မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ရဲတံခွန်တောင်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန၏ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြသည်။**

တိုင်းမှူးနှင့်အဖွဲ့သည် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံ၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ခြံစည်းရိုးကြက်ဆူဧက ၁၀၀ တိုးချဲ့ စိုက်ပျိုးရန်အတွက် ပျိုးစင်များတွင် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

## ပြုစုပျိုးထောင်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီမံရေးရာဌာန၊ဈေးနှင့် သားသတ်ဌာန၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ အခွန်ဌာန၊ ဘဏ္ဍာရေးဌာန၊ သန့်ရှင်းရေးဌာန၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ရေနှင့်သန့်ရှင်းမှုဌာန၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန အဆောက်အအုံနှင့် ကုန်ရုံဌာန၊ လမ်းနှင့်တံတားဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၊ ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ စစ်ဆေးရေးဌာန၊ စုစုပေါင်း ဌာန ၁၄ ဌာနတို့မှ ဌာနအလိုက် ခြံစည်းရိုးကြက်ဆူဧက ၁၂၀ စိုက်ပျိုးထားရှိမှုနှင့် ကြက်ဆူပင်များဖြစ်ထွန်းမှု၊ အသီးသီးမှုအခြေအနေများ၊ စုပေါင်း ပေါင်းလိုက် မြေထောင်မြှောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ကြက်ဆူအသီးများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် ကာကွယ်တားဆီးရေးနှင့် စနစ်တကျ ပြုစုပျိုးထောင်သွားကြရန်မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးဌာန အစာစပ် စက်ရုံသို့ရောက်ရှိပြီး ကြက်ဆူစေ့ဆီကြိတ်စက် ဧက ၁၀၀ တိုးချဲ့ စိုက်ပျိုးရန် ကြက်ဆူစေ့မျိုးများ စုဆောင်းထားရှိမှု၊ ကြက်ဆူစေ့များ အခွံခွာမှု၊ ဆီကြိတ်ရန်ကြက်ဆူစေ့များစုဆောင်းထားရှိမှုနှင့်နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာ အနီးရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဧက ၁၀၀၀ ကော်ဖီ စီမံကိန်းတွင် စိုက်ပျိုးထားရှိသော ပြောင်းစိုက်ပျိုးဧက ၃၀ မှထွက်ရှိသည့် တိရစ္ဆာန် အစာပြောင်းဖူးစေ့များ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဒီဇင်ဘာ ၁၇ ရက်က ရေတာရှည်မြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲတွင် အသင်းနာယက ဗိုလ်မှူးကြီး မောင်မောင်(ငြိမ်း)က တက္ကသိုလ်ဝင်တန်း သုံးဘာသာဂုဏ်ထူးရှင် မကြည်ကြည်သွယ်အား ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)

## ဇီဝဓာတ်ငွေ့ထုတ်ယူနိုင်ရေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ ဝက်အကောင် ၁၀၀၀ မွေးမြူရေးခြံသို့ရောက်ရှိပြီး Large White ဝက်မျိုးများ မွေးမြူဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို ဝက်များ စွန့်ပစ်အညစ်အကြေးမှ ဇီဝဓာတ်ငွေ့ထုတ်ယူနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် စိုက်ပျိုးမွေးမြူရေး ခြံအတွင်း ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမွေးမြူရေးခြံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ အသီးသီးမှုအခြေအနေများ၊ စုပေါင်း ပေါင်းလိုက် မြေထောင်မြှောက်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးဌာန အစာစပ် စက်ရုံသို့ရောက်ရှိပြီး ကြက်ဆူစေ့ဆီကြိတ်စက် ဧက ၁၀၀ တိုးချဲ့စိုက်ပျိုးရန် ကြက်ဆူစေ့မျိုးများစုဆောင်းထားရှိမှု၊ ကြက်ဆူစေ့များအခွံခွာမှု၊ ဆီကြိတ်ရန် ကြက်ဆူစေ့များစုဆောင်းထားရှိမှုနှင့် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအနီးရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဧက၁၀၀၀ ကော်ဖီ စီမံကိန်းတွင် စိုက်ပျိုးထားရှိသော ပြောင်းစိုက်ပျိုးဧက ၃၀ မှ ထွက်ရှိသည့် တိရစ္ဆာန်အစာ ပြောင်းဖူးစေ့များ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ ဝက်အကောင်၁၀၀၀ မွေးမြူရေးခြံသို့ရောက်ရှိပြီး Large White ဝက်မျိုးများမွေးမြူဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို ဝက်များစွန့်ပစ်အညစ်အကြေးမှ ဇီဝဓာတ်ငွေ့ ထုတ်ယူနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း ငါးမွေး မြူရေးကန်များကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမွေးမြူရေးခြံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းမှူးအား မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က အမှတ် (၁)စိုက်ပျိုးမွေးမြူရေးခြံတွင် ကြက်ဆူပင် ဧက၁၂၀စိုက်ပျိုးထားရှိမှုနှင့် စိုက်ခင်းကုန်ကျစရိတ်များ၊ ခြံအတွင်း ရေဝပ် ဧရိယာများတွင် ကန်စွန်းနှင့် အခြားသီးနှံများစိုက်ပျိုးထားရှိမှုအခြေအနေ များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက စိုက်ပျိုးမွေးမြူရေးခြံအတွင်း မြေလွတ် မရှိစေရေးအတွက် စနစ်တကျ စီမံစိုက်ပျိုးသွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည်ရေတံခွန်တောင်မှ မန္တလေး-ပြင်ဦးလွင် ကားလမ်းအထိ လမ်းဘေးဝဲယာ တစ်လျှောက်တွင် မိုးစပါးစိုက်ကွင်းများ စပါးရင့်မှည့်မှုနှင့် ရိတ်သိမ်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ကြီးမြို့နယ် ကွေ့ကြီးကုန်းကျေးရွာအနီးရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ စပါးစိုက်ခင်း ၃၇ဒသမ၅၄ဧကသို့ ရောက်ရှိကြသည်။ တိုင်းမှူးနှင့်အဖွဲ့သည် စပါးစိုက်ခင်း၌ မနောသုခမိုးစပါးများကို စက်ဖြင့်ရိတ်သိမ်းခြွေလှေ့မှုကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဌာနမှူးဦးခင်မောင်ဆွေက မိုးစပါး ရိတ်သိမ်းပြီးစီးပါက ကုလားပဲစိုက်ပျိုး၍ ကုလားပဲရိတ်သိမ်းပြီးပါက နွေစပါးဆက်လက်စိုက်ပျိုးမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက သီးနှံများသီးထပ်စိုက်ပျိုးရာတွင် အချိန်မီစေရေး အတွက် လယ်ယာသုံး စက်ကိရိယာများကို အကျိုးရှိစွာ အသုံးပြုရေးမှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ရိတ်သိမ်းခြွေလှေ့ပြီးသော မနောသုခစပါးအရည်အသွေးများအား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို စပါးတစ်ဧက တင်း၁၀၀ကျော်ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

## ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန် ပညာရေးတက္ကသိုလ် ဒွါဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်း အနားကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၇ရက်(စနေနေ့)နံနက် ၉ နာရီတွင် တက္ကသိုလ် များခမ်းမှာရုံ၌ ကျင်းပမည်ဖြစ်သည်။

### လှူဒါန်းနိုင်

မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်ထူးထူးအောင် ဒုတိယ ပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ် ဖုန်း-၅၀၄၇၇၂၊ ဦးဝင်းကို ညွှန်ကြား ရေးမှူး(ပညာ) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့် ကျောင်းအုပ်ကြီး(ငြိမ်း) ဖုန်း-၀၉-၈၀-၂၄၁၉၄၊ ဒေါ်တင်တင်ရှု လက်ထောက်ညွှန်ကြားရေးမှူး(သင်ရိုး) (DEPT) ဖုန်း-၅၅၇၆၇၅၊ ဦးအောင်သွင် လက်ထောက်ညွှန်ကြားရေးမှူးဦးစီး(၁) ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော် ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း-၀၂-၆၆၄၀၁၊ ဦးသက်နိုင် လက်ထောက် ညွှန်ကြားရေးမှူး ဦးစီး(၃) ဖုန်း-၂၁၂၉၇၄၊ ဦးအေးကြိုင် ရခိုင်ပြည်နယ်ပညာရေးမှူး ဖုန်း-၀၄၃-၂၃၃၈၄၊ ဒေါ်ကြူကြူရွှေ ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း-၅၅၄၉၆၄(အိမ်)၊ ဒေါ်ခင်စန်းမြင့် ကျောင်းအုပ်ကြီး အထက (၂)တာမွေ ဖုန်း-၅၄၂၃၇၊ ဦးရှိန်းလိန်းအောင် ကျောင်းအုပ်ကြီး အထက(၁) မရမ်းကုန်း ဖုန်း-၆၆၀၅၃၄နှင့် ဒေါ်ခင် သန်းထွေး အထက်တန်းပြ(ငြိမ်း) ဖုန်း-၂၉၃၃၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



## စာရေးတံနှင့် ဓမ္မသဘင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် (၁၂)ရပ်ကွက် မိဂသီလမ်း မဟာဒုက်စာရေးတံနှင့် ဓမ္မသဘင်ကို ဒီဇင်ဘာ ၂၂ ရက် (သောကြာနေ့)တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၂၃ရက် (စနေနေ့)တွင် စစ်ကိုင်း အရှင်ခေမိန္ဒ၊ ၂၄ ရက် (တနင်္ဂနွေနေ့)တွင် အရှင်ခေမာသီရိ လင်္ကာရ(ရွှေပြည်ဟိန်း) ဆရာတော်ကြီးများက ညစဉ် ၇ နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ပြီး တရားပွဲဝတ္ထုငွေလှူဒါန်းလိုပါက ၀၉-၅၁-၃၀၁၈၉ နှင့်၀၉-၈၀-၃၀၆၈၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ **(က-ပ)**



**ဆိပ်ကမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၁၀ရက်က ဆိပ်ကမ်းမြို့နယ် ရဲရိပ်သာရပ်ကွက် ဓမ္မာရုံတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးတင်ရွှေက စာကြည့်တိုက်အကြောင်း သိကောင်းစရာနှင့် ရပ်ကွက်စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးဟောပြောစဉ်။** (မြို့နယ် ပြန်/ဆက်)





# ဒေသဖွံ့ဖြိုးရေးလမ်းသစ်များဖွင့်ပွဲ အခမ်းအနားကျင်းပ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဒီဇင်ဘာ ၁၆ရက် ညပိုင်းက ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအားတွေ့ဆုံပြီး အသင်းကြီး၏ ရည်ရွယ်ချက်များ၊ အသင်းအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော အမှုဆောင်များအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြား၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။**

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဒီဇင်ဘာ ၁၇ ရက်နေ့လယ်ပိုင်းတွင် ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသည့် ရှမ်းကွင်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

## ဖွင့်လှစ်

ရှေးဦးစွာ ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်က လမ်းနှင့်ပတ်သက်သော အချက်အလက်များရှင်းလင်းတင်ပြပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအေးပိုင်က ဒေသခံ ပြည်သူများကိုယ်စား ကျောက်ချောလမ်းဖြစ်မြောက်အောင် ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးချစ်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်နှင့် တိုင်းအသင်းတွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၃၀၀၀၊ အကျယ် ၁၀ပေရှိကာ မအူပင်-ကျိုက်လတ်- ဖျာပုံကားလမ်းမကြီးသို့ ဆက်သွယ်သောလမ်းဖြစ်ပြီး လမ်းပြီးစီးသွားသဖြင့် ရှမ်းကွင်းကျေးရွာနှင့် ကျုံတာကျေးရွာနေ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ကဆောင်ရွက်ပြီးစီးသည့် မအူပင်မြို့ ပတ္တမြားသီဂီလမ်း ကတ္တရာလမ်း သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မအူပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဋ္ဌေးဝင်းနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

## ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မအူပင်ခရိုင် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအားတွေ့ဆုံ၍ အသင်းကြီး၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၂၉၁/G/၁၊ အေးချမ်းသာယာလမ်း၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ဒေါက်တာဦးတင်ဦးနှင့်မိသားစုက ကွယ်လွန်သူ ဒေါ်မာလာမြင့် ခြောက်နှစ်ပြည့်အတွက် ကောင်းမှုအဖြစ် အလှူငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး(၃) ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



## သနပ်ပင်အထက အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်း သနပ်ပင်မြို့ အထက ကျောင်းသား၊ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၄ ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အဆိုပါ အထက(သနပ်ပင်)ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အသက်၆၀ပြည့်ပြီးသော အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၅၂ ဦးနှင့် ဂါရဝပြု ပူဇော်ကန်တော့ကြမည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်ညွန့် ဖုန်း-၀၅၂-၄၆၁၇၁၊ ဦးမိုး ဖုန်း-၀၅၂-၄၆၁၇၈၊ ဒေါ်ဝင်းသိန်း ဖုန်း-၀၅၂-၄၆၂၃၉၊ ၄၆၁၄၁၊ ဦးကျော်စိုးမင်း ဖုန်း-၀၅၂-၄၆၀၂၆၊ ဦးကျင်သိန်း ဖုန်း-၀၁-၅၄၃၄၀၁၊ ဦးဝင်းကြည် ဖုန်း-၀၉-၈၀-၂၄၄၈၀၊ ဒေါ်တင်လေးမြင့် ဖုန်း-၀၉-၈၀-၃၀၇၅၆၊ ဒေါ်ရီရီလှ ဖုန်း-၀၁-၂၉၇၄၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## သဲကုန်းမြို့ စိုက်ပျိုးရေး ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၁၉၅၇ မှ ၁၉၇၁ ခုနှစ်အထိ သင်ကြားပေးခဲ့သော ဆရာများအား ဒုတိယအကြိမ် ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ရက် နံနက် ၉ နာရီတွင် စိုက်ပျိုးရေး(အထက) သဲကုန်းမြို့၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ဦးစိုးတင် ဖုန်း-၀၁-၂၉၃၄၇၆၊ ဦးကျော်သောင်း ဖုန်း-၀၁-၇၂၂၁၆၇၊ ဦးသန်းအေး ဖုန်း-၀၁-၅၅၅၈၆၀၊ ဖုန်း-၀၁-၅၈၁၀၄၄နှင့် ဦးဝင်းမောင် ဖုန်း-၀၅၃-၂၅၂၆၉၊ ၀၅၃-၁၀၁၂၁ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်)၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မှ အသင်းဝင် ဆရာဝန်များ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရွှေဇာမဏီအမှတ်တံဆိပ် တိုင်းရင်းဆေးဝါးများမိတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာဇာမဏီဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းကထုတ်လုပ်သည့် ရွှေဇာမဏီ အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးများ မိတ်ဆက်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပသည်။ **(အပေါ်ပုံ)**

### ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာဇာမဏီဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း အုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာမောင်မောင်လေး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ၂၀၀၅ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းနာယက စာရေးဆရာမကြီး ဇော်မုံညင်းတို့က အမှာစကား ပြောကြားကြပြီး မြန်မာဇာမဏီဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း ဒါရိုက်တာ ဒေါ်ဆွေနီမြင့်က ဆေးဝါးထုတ်လုပ်ပုံနှင့်အကျိုးသက်ရောက်မှုတို့ကိုရှင်းလင်း ပြောကြားသည်။

### ထုတ်လုပ်ထား

မြန်မာဇာမဏီဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းက ရွှေဇာမဏီအမှတ်တံဆိပ်ဖြင့် သုခမွန် ခွန်အားတိုးဆေး၊ မီးယပ်သွေးသန့်ဆေးနှင့် အပူငြိမ်းဆေးတို့ကိုထုတ်လုပ်ထားသည်။

### သက်သာပျောက်ကင်း

သုခမွန် ခွန်အားတိုးဆေးသည် အမျိုးသမီးများအား အသားအရေချောမွေ့လှပပြီး၊ စိတ်ပူပန်မှုများ၊ စိတ်ရှုတ်ထွေးမှုများသက်သာပျောက်ကင်း၍ အိမ်ထောင်ရေးသုခကိုခံစားရရှိစေကာ အရိုးပွခြင်းနှင့် နှလုံးသွေးကြောကျဉ်းရောဂါကိုကာကွယ်ပြီး လှပနုပျိုစေသည်။

မီးယပ်သွေးသန့်ဆေးသည် အမျိုးသမီးများနာကျင်ကိုက်ခဲမှု၊ ယားယံမှု၊ အနံ့ဆိုးထွက်မှု၊ ညောင်းညာကိုက်ခဲမှုတို့ကိုပျောက်ကင်းစေကာ စိတ်ကြည်လင်စေသည်။

### အပူငြိမ်းဆေး

အပူငြိမ်းဆေးသည် ချောင်းဆိုး၊ လည်ချောင်းနာ၊ လိပ်ခေါင်း၊ ပါးစပ်နှင့် လျှာအနာများ၊ သွားနာသွားကိုက်၊ ဝမ်းချုပ်၊ ဆီးနီ၊ ဆီးဝါခြင်းတို့ကို ပျောက်ကင်းစေသည်။

ရွှေဇာမဏီတိုင်းရင်းဆေးဝါးများကို ပြည်ပမှနည်းပညာနှင့် စက်ကိရိယာများကိုသုံးစွဲပြီး ပြည်ပမှရရှိသော သဘာဝဆေးအဆီအနှစ်များဖြင့် နိုင်ငံတကာစံချိန်မီ ထုတ်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါဆေးဝါးများကို နီလေးနိုင်ကုမ္ပဏီလီမိတက် အမှတ် ၁၁၉၊ လမ်း ၅၀၊ ပုဇွန်တောင် မြို့နယ် ဖုန်း-၀၁-၂၉၁၈၀၅၊ ၃၇၈၂၅၃၊ ၂၉၃၂၉၂ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိကြောင်းသိရှိရသည်။ **(သတင်းစဉ်)**





**မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

■ ရှေ့ဖုံးမှ

## တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာလျူဖင်၊ တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာလျိုယီဖင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တရုတ်၊ ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့မှ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များနှင့် ကုန်သည်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ စုစုပေါင်းအင်အား ၂၂၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် နှစ်နိုင် ငံနယ်စပ်ကုန်သွယ်မှု တိုးမြှင့်ရေးအတွက် အရေးပါသည့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားဖြစ်ပြီး ယခုကဲ့သို့ နိုင်ငံတော်အဆင့် အခမ်းအနားကို မိမိတို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်ကြီး၌ ကျင်းပခြင်းအတွက်များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။ မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ–၂၀၀၆ကို ရည်ရွယ်ချက်သုံးရပ်ဖြင့် ကျင်းပသွားခြင်းဖြစ်ကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှု ပိုမိုတိုးတက်စေရန်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ စီးပွားရေး အခွင့်အလမ်းကောင်းများနှင့် မိတ်ဆွေစစ် မိတ်ဆွေကောင်းများ ရှာဖွေရရှိရန် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြားရရှိပြီး ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲ ရှင်သန်စေရန်နှင့် ပိုမိုတိုးမြှင့်ရန်တို့ ဖြစ်ကြောင်း။

## ပိုမိုတိုးတက်လာ

မြန်မာ–တရုတ်နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်ရေးအတွက် အကြီးအကဲများ၏ လမ်းညွှန်မှုနှင့်အညီ မိမိတို့ ဒေသအာဏာပိုင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အလေးအနက်ထားပြီး ပူးပေါင်း ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏများသည် တစ်စထက်တစ်စ ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ၏ နယ်စပ်ကုန်သွယ်မှု မြင့်တက်လာသည်နှင့်အညီ နယ်စပ်ဒေသ တိုးတက်ဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာရေးတို့အတွက် များစွာ အထောက်အပံ့ ဖြစ်စေသည့်အတွက် မိမိတို့မူဆယ်ဒေသအနေဖြင့် များစွာ ဝမ်းမြောက်မိပါကြောင်း။

## ကြိုးပမ်းဆောင်ရွက်

အလားတူ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ထိုင်းနိုင်ငံများနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးအကဲများ၏ လမ်းညွှန်မှုများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကုန်သွယ်မှု ပမာဏများ တစ်စထက်တစ်စ တိုးတက်လာသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း၊ မြန်မာ–တရုတ် နှစ်နိုင်ငံ ကုန်စည်ပြပွဲကို ယခင်နှစ်များက မူဆယ် မန်ဝိန်းကွင်း၌ ကျင်းပခဲ့ပြီး ယခုနှစ်တွင်တော့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီး၌ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း၊ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကြီးကို ၂၀၀၆ ခုနှစ် ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုပမာဏများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။



**မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ဖွင့်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ လျူဖင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)

## စုံလင်စွာပြသ

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီးသည် မြန်မာနိုင်ငံ၌ အကြီးဆုံးနှင့်ပထမဆုံးတည်ဆောက်ခဲ့သည့် ကုန်သွယ်ရေးဇုန်ကြီးဖြစ်ကြောင်း၊ ယခုပြပွဲ၌ နှစ်နိုင်ငံကုန်စည်ပြခန်း စုစုပေါင်း ၂၀၀ ကျော်ရှိခဲ့ပြီး ဒေသထွက် ပဲ၊ ပြောင်း၊ သစ်သီးဝလံများ အပါအဝင် နိုင်ငံတစ်ဝန်းလုံးမှ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများ၊ ကျောက်မျက်ရတနာပစ္စည်းများ၊ စက်မှုဇုန်များမှ ထုတ်လုပ်သောလူသုံး၊အိမ်သုံးပစ္စည်းများအားလုံး စုံလင်စွာပြသထားလျက်ရှိသည့်အတွက် တက်ရောက်လာသော မိတ်ဆွေများ အားလုံးစိတ်ဝင်စားကြမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှု ဆောင်ရွက်နိုင်ရေးအတွက် တင်ပို့ တင်သွင်းလိုသည့် ကုန်ပစ္စည်းများကို ရောင်းသူ ဝယ်သူနှစ်ဦးနှစ်ဖက် ကိုယ်တိုင်ကိုယ်ကျ မျက်မြင်တွေ့ရှိရမည့် အခွင့်အရေး ရှိမည်ဖြစ်ကြောင်း၊ မနက်ဖြန်တွင် ကုန်သည်များအတွက် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုနိုင်ရေး၊ စိတ်ဝင်စားသည့် ကုန်ပစ္စည်းအမယ်များအပေါ် တွေ့ဆုံညှိနှိုင်းနိုင်ရေးတို့အတွက်စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ Business Matching ကို ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ယခုရောက်ရှိလာသောလုပ်ငန်းရှင်ကုန်သည်များအတွက် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ရရှိသွားမည်ဖြစ်ကြောင်း။

## အကျိုးဖြစ်ထွန်း

ယခုပြပွဲ၌ မြန်မာ–တရုတ် နှစ်နိုင်ငံသာမက အိန္ဒိယ၊ ဘင်္ဂလာဒေ့ရှ်၊ ထိုင်း၊ လာအိုနိုင်ငံများကိုပါ ဖိတ်ကြားထားသည့်အတွက် ဒေသတွင်းနိုင်ငံများ၏ လုပ်ငန်းရှင်များအားလုံးအတွက် အကျိုးဖြစ်ထွန်းမှုများ ရှိသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကုန်စည်ပြပွဲ အခါသမယတွင် ကုန်သည်အချင်းချင်း တွေ့ဆုံခြင်းအားဖြင့် ပုဂ္ဂိုလ်ရေး၊ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်သွားနိုင်မည်ဖြစ်ပြီး ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ထုတ်ကုန်ပစ္စည်း အသီးသီးကို ပြသသွားနိုင်မည့်အခွင့်အရေးရှိသည့်အပြင် အရောင်းအဝယ်စာချုပ်များကိုပါ ချုပ်ဆိုသွားနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့ အိမ်နီးချင်းနိုင်ငံများသည် ရှေးယခင်ကတည်းက ရှိခဲ့သော ချစ်ကြည်ရင်းနှီးမှု၊ နားလည်စာနာမှုများကြောင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများတွင် တိုးတက်အောင်မြင်လျက်ရှိကြောင်း၊ ကုန်သွယ်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက မောင်းနှင်အားဖြစ်သည်နှင့်အညီ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် အမျှ မိမိတို့ အိမ်နီးချင်းနိုင်ငံများ အားလုံးအတွက် အကျိုးဖြစ်ထွန်းမှုများ ရှိသွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်း နိုင်ငံများအနေဖြင့် ဒေသတွင်းအဖွဲ့အစည်းများဖြစ်သော ASEAN၊ BIMSTEC၊ GMS၊ ACMECS စသည့် အဖွဲ့အစည်းများတွင်လည်း ဆက်နွယ်ပါဝင်မှုရှိသည်ကို တွေ့ရကြောင်း။

## တိုးမြှင့်ဆောင်ရွက်

မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးသည် ယခုအခါတွင် ပုံမှန်ကုန်သွယ်မှုစနစ်ဖြင့် ပြောင်းလဲဆောင်ရွက်မှု တိုးတက်အောင်မြင်လျက်ရှိပြီး ယခုအခါတွင် ၇၀ ရာခိုင်နှုန်းခန့် ပုံမှန်ကုန်သွယ်မှုနည်းလမ်းနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကျန်နယ်စပ်များ၌လည်း ပုံမှန်ကုန်သွယ်မှုနည်းလမ်းများဖြင့် တိုးမြှင့်ဆောင်ရွက်သွားရန်ရှိကြောင်း၊ မိမိတို့နယ်စပ်ဒေသနေ ကုန်သည်လုပ်ငန်းရှင်များ ရင်းနှီးကျွမ်းဝင်မှုရှိစေရန် သင်တန်းများပေးခြင်း၊ မြို့နယ်အဆင့်ထိဆင်း၍ ကုန်သွယ်မှု တိုးမြှင့်ရေးအတွက် အဖွဲ့များခွဲပြီး စည်းရုံး ပညာပေးခြင်းတို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်မှုများကြောင့်၊ နယ်စပ်ဒေသနေ ပြည်သူများ၊ မြန်မာနိုင်ငံ အရပ်ရပ်မှ စီးပွားရေးလုပ်ငန်းရှင်ပြည်သူများအားလုံး ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် တိုးတက်စိုက်ပျိုးလာကြပြီး စိုက်ပျိုးထားသည့် သီးနှံများကို ပြည်ပသို့ တင်ပို့နိုင်မည့် လုပ်ထုံးလုပ်နည်းများ ကုမ္ပဏီဖွဲ့စည်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ယခုအခါ ပိုမိုသိကျွမ်းနားလည်လာမည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိရကြောင်း။

## ဖွံ့ဖြိုးတိုးတက်

ယခုအခါ အိမ်နီးချင်းနိုင်ငံများအားလုံး ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ခြင်း အသီးအပွင့်များအဖြစ် နယ်စပ်ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်း တိုးမြှင့်လာခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများကို တစ်စထက်တစ်စ ရရှိလျက်ရှိကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်အပြင် တရားမဝင်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ ရှိနေသမျှ တရားဝင်ကုန်သွယ်မှုများ လျော့နည်းလာမည်ဖြစ်ပြီး ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိခိုက်စေမည်ဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်

အချုပ်အားဖြင့်ဆိုသော် မိမိတို့ အိမ်နီးချင်းနိုင်ငံများအားလုံး ချစ်ကြည်ရင်းနှီးစွာဖြင့် ကုန်သွယ်မှုလုပ်ငန်း အခက်အခဲများနှင့် စိန်ခေါ်မှုများအပေါ် ဝိုင်းဝန်းပူးပေါင်း၍ နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်ဆိုပါက ကုန်သွယ်မှုများ အဆပေါင်းများစွာ မလွဲမသွေ တိုးတက်လာမည်ဖြစ်ကြောင်း၊ထို့အပြင် မိမိတို့၏ရိုးရင်းလှသော မြန်မာစကားပုံ **"စည်းလုံးခြင်းသည်အင်အား"** ဆိုသည့်အတိုင်း ဒေသတွင်း နိုင်ငံများအကြား ညီညွတ်ခိုင်မာသော အင်အားစုတစ်ခုအဖြစ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ လျူဖင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေး ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်တွေ့ဆုံပွဲ ထင်ဟပ်စေသော မင်္ဂလာရှိသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်စည်ပြပွဲနှင့် ကုန်သွယ်ရေးဆွေးနွေးပွဲများကို ၁၉၉၇ ခုနှစ်တွင် ချုပ်ဆိုခဲ့သော မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်အရ ၂၀၀၁ ခုနှစ်မှစ၍ တစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျကျင်းပဖြစ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံဘက်၌ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး ယခု ၂၀၀၆ ခုနှစ်တွင် တတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ ယခု မြန်မာ–တရုတ် နှစ်နိုင်ငံကုန်စည်ပြပွဲ၌ ထူးခြားမှုတစ်ရပ်မှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် လာအိုစသော အိမ်နီးချင်းမိတ်ဆွေများကို ဖိတ်ကြားခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခုကုန်စည်ပြပွဲအခမ်းအနားကို တက်ရောက်ပေးကြသော အိမ်နီးချင်းနိုင်ငံများမှ မိတ်ဆွေများအား လှိုက်လှဲစွာကြိုဆိုပါကြောင်း။

## မဟာဗျူဟာကျ

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆွေကောင်းပီသစွာ ချစ်ကြည်ရင်းနှီးမှုများဖြင့် ဆက်ဆံလျက်ရှိသကဲ့သို့ ဒေသတွင်းစီးပွားရေး အဖွဲ့အစည်းများဖြစ်သော ASEAN၊ BIMSTEC၊ GMS၊ ACMECS စသည့် စီးပွားရေး အဖွဲ့အစည်းများ၌လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် ကုန်သွယ်မှု မူဝါဒကောင်းစီမှုလည်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှု တိုးတက်ရေးအတွက် အမြဲအလေးထား လမ်းညွှန်မှုပေးသည့်အတွက် ကုန်သွယ်မှုပမာဏများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊မြန်မာ–တရုတ် နှစ်နိုင်ငံသည် ၁၉၅၀ ပြည့်နှစ်မှစ၍ သံတမန် ဆက်သွယ်ခဲ့ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် ဆက်ဆံလျက်ရှိကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၇၁ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင်လည်းကောင်း၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူ စာချုပ်ကို ၁၉၉၄ ခုနှစ် ဩဂုတ် ၁၃ရက်တွင်လည်းကောင်း ချုပ်ဆိုခဲ့ပြီး နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရေးအတွက် အစဉ်အလာကောင်းများနှင့်အညီ ယနေ့တိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်ရေးအတွက် ယခုမူဆယ် ၁၀၅မိုင် ကုန်သွယ်ရေး ဇုန်ကြီးကို ၂၀၀၆ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ မူဆယ်နယ်စပ် ကုန်သွယ်ရေးသည် မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းအားလုံး၌ အကြီးဆုံးဖြစ်ပြီး နယ်စပ် ကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ဆောင်ရွက်လျက်ရှိသည့် စခန်းကြီးတစ်ခုဖြစ်ကြောင်း၊ မူဆယ်နယ်စပ် ကုန်သွယ်ရေး စခန်းအနေဖြင့် မြန်မာ–တရုတ် နယ်စပ် ကုန်သွယ်ရေးအတွက် အရေးပါရုံသာမက ဒေသတွင်း အရှေ့တောင်အာရှနှင့် အရှေ့အာရှ နိုင်ငံများအကြား မဟာဗျူဟာကျသော စီးပွားရေးဇုန်နေရာတစ်ခုလည်း ဖြစ်ကြောင်း။

နယ်စပ် ကုန်သွယ်ရေးစခန်းများအနေဖြင့် နှစ်နိုင်ငံ နယ်စပ်နေ ပြည်သူများ လွယ်ကူစွာ ကူးသန်းရောင်းဝယ်နိုင်ရန် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ၁၉၉၇ ခုနှစ် ကတည်းက နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး သဘောတူထားသည့်အတိုင်း ပုံမှန် ကုန်သွယ်မှုကိုလည်း တဖြည်းဖြည်း တိုးတက်ပြုလုပ်သွားမည်ဖြစ်ကြောင်း။

## အောင်မြင်မှုများရရှိ

နိဂုံးချုပ် အနေဖြင့် မြန်မာ–တရုတ် နှစ်နိုင်ငံသည် ရှေးယခင် ကတည်းက ရှိခဲ့သော ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုများကြောင်း၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ၌ အောင်မြင်မှုများ ရရှိလျက် ရှိကြောင်းနှင့် နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ကြပါစေ၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အခွန့်ရှည် တည်တံ့ခိုင်မြဲပါစေ၊ နှစ်နိုင်ငံ ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ပေးအပ်လှူဒါန်း

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CIFC (China International Forest Company) ကုမ္ပဏီမှ ပြည်ထောင်စုမြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ ပိုးဇာပင် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်က လက်ခံသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ လျူဖင်တို့က မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (၂၀၀၆) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၏ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

## ခင်းကျင်းပြသ

မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (၂၀၀၆)တွင် မြန်မာပြခန်း ၁၁၀၊ တရုတ်ပြခန်း ၁၂၂ ခန်း၊ ထိုင်းပြခန်း နှစ်ခန်း၊ အိန္ဒိယ ပြခန်း နှစ်ခန်းနှင့် ဘင်္ဂလာဒေ့ရှ်ပြခန်း နှစ်ခန်း စုစုပေါင်း ၂၃၈ ခန်းပြသလျက်ရှိပြီး မြန်မာပြခန်းများ၌ ကျောက်မျက်ရတနာ ပြခန်းများ၊ သစ်အချောထည်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပဲမျိုးစုံ ပြခန်းများ၊ ရေထွက်ပစ္စည်းပြခန်းများ၊ ရော်ဘာထွက်ကုန် ပြခန်းများ၊ ချည်ထည် အမျိုးမျိုးနှင့် ရိုးရာချည်လုံချည်ပြခန်း၊ တိုင်းရင်းဆေးပြခန်းများ၊ ကြိမ်ထည်ပစ္စည်းပြခန်းများ၊ အထွေထွေ လူသုံးနှင့် အိမ်သုံးပစ္စည်းများ၊ စက်မှုဇုန်ထုတ်ဂျစ်ကားများကိုလည်းကောင်း၊ တရုတ် ပြခန်းများ၌ လျှပ်စစ်ပစ္စည်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီ ပြခန်းများ၊ ဆိုင်ကယ်နှင့် ဆိုင်ကယ်အပိုပစ္စည်းများ၊ လယ်ယာသုံးစက် ကိရိယာပစ္စည်းများ၊ အထည်အလိပ်နှင့် စားသောက်ကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ တိုင်းရင်းဆေးပြခန်းများ၊ စာရေးကိရိယာပစ္စည်းပြခန်းများ၊ တည်ဆောက်ရေးကုမ္ပဏီများနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီ ပြခန်းများကိုလည်းကောင်း၊ ထိုင်းနိုင်ငံ ပြခန်း၌ အလှကုန်ပစ္စည်း အမျိုးမျိုး၊ စောင် အမျိုးမျိုးနှင့် မြက်ဖျာများကို လည်းကောင်း၊ ဘင်္ဂလာဒေ့ရှ်ပြခန်းတွင် ဆေးပစ္စည်းများကိုလည်းကောင်း၊ အိန္ဒိယ ပြခန်း၌ ရေထွက်ပစ္စည်းများကို လည်းကောင်းအသီးသီး ခင်းကျင်းပြသလျက် ရှိပြီး ကုန်စည်ပြပွဲကို ဒီဇင်ဘာ၂၀ ရက် အထိ ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ CIFC (China International Forest Company) ကုမ္ပဏီမှ ပြည်ထောင်စုမြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ပိုးဇာပင်နှစ်သိန်း ပေးအပ်လှူဒါန်းရာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့် လက်ခံစဉ်။** (သတင်းစဉ်)

# အသက်ရှည်စွာ အနာမဲ့ရေး(၁၉)

"ဦးလေးချော၊ အမေဒေါ်တင်ညွန့်တို့ လူစုံတက်စုံပါလား၊ ကြွပါခင်ဗျာ၊ အားလုံး နေထိုင်ကောင်းကြတယ်မို့လား"

"ဟုတ်ကဲ့ ကောင်းပါတယ်၊ အခု ကျွန်တော့်မြေးလေး ဆရာဝန်ဖြစ်လာလို့ ဆရာဆီလာအပ်ရင်း ဂါရဝပြုစေဖို့ လာတာပါ"

"ရပါတယ်၊ နဝရတ်ကတိသစ္စာဆိုတဲ့ ဆေးသမားတော်များ လိုက်နာရမယ့် အချက်များကို လေးလေးနက်နက် ခံယူလိုက်နာခြင်းသည်ပင် မိမိကို သင်ကြားပေးသော ဆရာ၊ ဆရာမများမှအစ သမားဟူရားကြီးများအထိ ဂါရဝပြုရာ ရောက်ပါတယ်၊ ကျွန်တော့်ဆီ လာအပ်လို့တော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် ဓာတ်ကြီးလေးပါး ညီညွတ်ခြင်းသည်သာ လူတို့၏ အသက်ရှည်ခြင်း၊ တိုခြင်း၊ အနာရောဂါကင်းခြင်း၊ မကင်းခြင်းနဲ့ ဆိုင်ကြောင်း အတွေးအခေါ်တွေ ဝင်ကုန်မှာပေါ့"

"ဒီမှန်ကန်တဲ့ မြတ်ဗုဒ္ဓဒေသနာနယ အတွေးအခေါ်တွေ ဝင်စေချင်ပါတယ်ဆရာ။ ကျွန်တော်လဲ သူ့ကို အတော်အတန် ရိပ်စားမိအောင် နားသွင်းထားပါတယ်။ ဒါပေမယ့် သူ့အမေးတွေကိုတော့ လုံးစေ့ပတ်စေ့ ပြန်မဖြေတတ်ဘူးပေါ့"

"ကဲ-ဆရာဝန်ကြီး (အမေဒေါ်တင်ညွန့်၏မြေး ဆရာဝန်ဖြစ်စကို ဂုဏ်ပြုခေါ်ဆိုလိုက်ခြင်းဖြစ်ပါသည်)ကျွန်တော့်ကို အားမနာတမ်း ဆွေးနွေးနိုင်ပါတယ်၊ ဆရာတပည့် သို့မဟုတ် ဆရာဝန်ကြီးနဲ့ ဆရာဝန်လေးလို့ သဘောမထားပါနဲ့"

"ကျေးဇူးတင်ပါတယ် ဆရာကြီးခင်ဗျား၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေတယ်ဆိုရင်၊ သို့မဟုတ် လူတွေရဲ့ ကျန်းမာရေးကို ကုစားနိုင်တယ်ဆိုရင် ကျွန်တော်တို့ ဆေးကျောင်းမှာ သင်လိုက်ရတဲ့ ဘက်တီးရီးယား(Bacteria)၊ ဗိုင်းရပ်(Virus)၊ ပရိုတိုဇိုးဝါး(Protozoa)ဆိုတဲ့ ကပ်ပါးကောင်တို့၊ Fungusဆိုတဲ့ မှိုတို့ကြောင့်ဖြစ်တဲ့ ရောဂါတွေ ဒါတွေကြောင့် သေဆုံးရတာတွေ ဘယ်သွားထားမလဲခင်ဗျ။ ဥပမာ-တီဘီဆိုတဲ့ ဘက်တီးရီးယားကြောင့် တစ်နှစ် သုံးသန်းနီးပါး သေနေတာ၊ ငှက်ဖျားပိုးကြောင့် တစ်ကမ္ဘာလုံး (ထိပ်ဆုံးက) သေနေတာ၊ HIV ဗိုင်းရပ်ပိုးကြောင့် AIDS ဖြစ်ပြီး သေနေတာတွေ ဘယ်လိုစဉ်းစား၊ ဘယ်ပုံ ကုစားကြမလဲခင်ဗျ"

"ဆရာခင်ဗျ၊ ကျွန်တော့်မြေး ပြောမှား၊ဆိုမှားရှိရင် တောင်းပန်ပါတယ်၊ ကျွန်တော့်ကိုလဲ ဒီမေးခွန်းမျိုး မေးခဲ့ပါတယ်။ ဒါကြောင့် နားလည်အောင် ရှင်းပြနိုင်မယ့်ဆရာဆီ ခေါ်လာခဲ့တာပါ"

"ဦးလေးချောရယ်၊ ဒီလောက် စူးစမ်းချင်စိတ်ရှိတာကို လေးစားရမယ့်အပြင် ဒီလိုမေးခွန်းမျိုးတွေ မေးတတ်တာကို ချီးကျူးရပါမယ်။ အလွန်တော်တဲ့ ဆရာဝန်တစ်ယောက် ဖြစ်လာနိုင်ပါတယ်"

"ကဲ- ကျွန်တော်ရှင်းပြပါ့မယ်၊ ကံ- ကံ၏အကျိုးကို ယုံလား"

"ယုံပါတယ်ခင်ဗျ၊ ကျွန်တော်ဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးပါဆရာကြီး"

"ဟုတ်ပါပြီ၊ ကံဆိုတဲ့နေရာမှာ အတိတ်ကံ၊ ပစ္စုပ္ပန်ကံဆိုပြီးရှိပါတယ်၊ အတိတ်ကံမကောင်းလို့ အမိဝမ်းတွင်းမှာတင်သေရ၊ မွေးပြီးစမှာသေရသလို အတိတ်ကံကောင်းလို့ အသက်၇၀၊ ၈၀အထိ ကျန်းကျန်းမာမာနဲ့ နိုင်ငံတော်ရဲ့ ကြီးလေးတဲ့တာဝန်များ ထမ်းဆောင်နေကြတာ ကမ္ဘာမှာ အများကြီးပါ။ ထိုနည်းတူစွာပဲ ပစ္စုပ္ပန်ကံ၊ ယခုလုပ်ရပ်များ မကောင်းလို့ အရက်မူးကားမောင်း၊ ကားတိုက်၊ အရက်ကို အချိန်အဆ မရှိသောက်လို့ အသည်းကြွပ်ဝေဒနာ ခံစားရတာတွေ တွေ့ဖူးမှာပါ။ အများကြီးပါ။ ဘိန်းဖြူစွဲ၊ အပျော်အပါးလိုက်စားလို့ HIV ပိုးကူး AIDS ဖြစ်စေတဲ့ ဝေဒနာရှင်တွေကိုလေ။ ကံအကြောင်း ဒီလောက်ဆို ရှင်းပါပြီနော်"

"ဥတုအကြောင်းပြောရအောင်၊ ဥတုအပြောင်းအလဲ မဆင်ခြင်လို့၊ မိုးမိလို့ နှာစေးချောင်းဆိုးဖြစ်တာ၊ အပူရှပ်တာ(Heat stroke)ဖြစ်ပြီး အသက်ဆုံးရှုံးရတာတွေ တူတော်မောင် ဆရာဝန်ပဲဟာ သိပါတယ်။ မေလပိုင်းအတွင်းမှာ အပူဒဏ်ကြောင့် အသက်ကြီးငယ် ပုဂ္ဂိုလ်မရွေး ဘယ်အချိန် ရေမချိုးရန်၊ ဘယ်လို နေထိုင်ကြရန် သတင်းစာ၊ ရေဒီယို၊ တီဗွီများကနေပြီး ကျန်းမာရေးဝန်ကြီးဌာနက သတိပေးနှိုးဆော်ချက်တွေလဲ နှစ်စဉ်ရှိတာပါပဲ"

"ဟုတ်ကဲ့ ကျွန်တော် ကြားလဲကြားဖူးပါတယ်၊သဘောလဲပေါက်ပါတယ်။ အဲဒီလို နှာစေးချောင်းဆိုးဖြစ်တာက(ပိုး-Bacteria/ virus) ပါသလားလို့ပါ။"

"ပါချင်လဲ ပါနိုင်ပါတယ်၊ သို့သော် ပိုးသတ်ဆေး လုံးဝမဟုတ်သော မြန်မာ့ဆေးနည်းနဲ့ဓာတ်ကြီးလေးပါးကို ပြုပြင်လိုက်တာ နာရီပိုင်းအတွင်း ပျောက်သွားနိုင်တာ တူတော်မောင်ယုံကြည်ရတဲ့ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အဖေ၊ အမေစသည်ဖြင့် မြန်မာဓာတ်ညီဆေးစားဖူးတဲ့ လူကြီးတွေကိုမေးကြည့်ပါ။ CIFRAN တို့၊ INZA တို့၊ DECOLGEN တို့ CEVION တို့ ပေါင်းစားမှ ပျောက်တာ မဟုတ်ပါဘူး။ ဆိုလိုချင်တာက ဓာတ်လေးပါးကို ညှိပေးနိုင်ဖို့ပါပဲ။ ဓာတ်ကြီးလေးပါးဖြစ်တဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောနဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဟာ တိုက်ရိုက်လဲ ဆက်သွယ်ပါတယ်။ သွယ်ဝိုက်ပြီးတော့လဲ ဆက်သွယ်ပါတယ်။ ဒါ့အပြင် တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ဦးဆောင်နိုင်စွမ်းလဲ ရှိကြပါတယ်။ အညမညသဘောတရားလို့ တူတော်မောင် နားလည်ပေးပါ။ ဦးလေးချော၊ အမေဒေါ်တင်ညွန့်တို့၊ ဦးလေးတင်အေးတို့ကတော့ ဒီစကားတွေ ဒီအတွေးအခေါ်တွေနဲ့ ကျွမ်းဝင်ပြီးသားပါ"

"အာဟာရအကြောင်းကိုတော့ တူတော်မောင် ဆရာဝန်ကြီးကို အထူးပြောစရာ လိုမယ်မထင်ပါဘူး။ အာဟာရချို့တဲ့ရင်(Deficiency) ချို့တဲ့တဲ့ဓာတ်ကို ပြန်ဖြည့်တင်းပေးရပါတယ်။ အာဟာရ အစားများရင် မဆင်ခြင်ရင် အဝလွန်ရောဂါ (Cholesterol Triglyceride)ဆိုတဲ့ အဆီဓာတ်တက်တာအပြင် နောက်ဆက်တွဲ သွေးတိုး၊ နှလုံး၊ ဦးနှောက်သွေးကြောကျဉ်း၊ပိတ်၊ ပေါက်ဆိုတဲ့ ရောဂါတွေဖြစ်နိုင်တယ်။ အစားမှားလို့ ရတ်ချည်းဖြစ်တတ်တဲ့ရောဂါတွေလဲ အများကြီးရှိပါတယ်။ တက်စာ၊ သက်စာ၊ ပွင့်စာ၊ ငုပ်စာတွေ အစားမှားလို့ဖြစ်တဲ့ အကြောင်းတော့ မဆွေးနွေးပါဘူး၊ ရှုပ်ကုန်မှာစိုးလို့။

ဟုတ်ကဲ့ ကျွန်တော် ယုံကြည်စွာ နားလည်ပါတယ် ဆရာကြီးခင်ဗျာ"

"ကောင်းပါပြီ အခု ကံ၊ ဥတု၊ အာဟာရကို ထိန်းချုပ်တာကတော့ စိတ်ပါပဲ။ ကောင်းသောကံဖြစ်အောင် ကောင်းသောအလုပ်ကို လုပ်ရန် ကောင်းသောစိတ်က ထိန်းချုပ်ပါတယ်။ အရက်၊ ဆေးလိပ်မသောက်ဘူး၊ သောက်ချင်တယ်ဆိုတာလဲ ဒီစိတ်နဲ့ပဲ ထိန်းချုပ်နိုင်ပါတယ်။ အပျော်အပါး မလိုက်စား၊ လိုက်စားချင်တာမျိုးဟာလဲ စိတ်နဲ့ပဲ သက်ဆိုင်ပါတယ်"

"ဥတုကို စိတ်နဲ့ ဘယ်လို ထိန်းချုပ်ပါသလဲ ဆရာ"

ဆရာဝန်လေးက မေးပါသည်။

"အပြင် ဗဟိဒ္ဓဥတုကိုတော့ စိတ်နဲ့ မထိန်းချုပ်နိုင်ပါဘူး။ သို့သော် ဥတုရဲ့ ပူခြင်း၊ အေးခြင်း၊ ချမ်းတုန်ခြင်း၊ စိုစွတ်ခြင်းတွေကို ခံနေရတဲ့

## ဒေါက်တာ လှိုင်ကို

ခန္ဓာကိုယ်မှာ ဆန္ဒဆိုတာဖြစ်တတ်ပါတယ်။ အိုက်ရင် ပန်ကာလေခံချင်တာပေါ့၊ ရေခဲရေသောက်ချင်တာပေါ့၊ အဲ့ဒါကို အလိုမလိုက်မိအောင် သတိတမံ၊ ဉာဏ်မြေကတုတ်ဆိုတဲ့ သဘောတရားနဲ့ ထိန်းချုပ်ထားပါ။ ဥပမာ- နေပူထဲက လာတယ်၊ ပူလွန်း၊ အိုက်လွန်းလို့ စိတ်အလိုလိုက်ပြီး ရေအေးအေးလေး ချိုးရရင် ကောင်းမှာပဲဆိုပြီး ရေချက်ချင်းချိုးလိုက်ရင် အသက်အန္တရာယ်ရှိပါတယ်။ အပြင်ဗဟိဒ္ဓမှာ ပူနေရင် အဲဒီအပူကို မျှတစွာခံနိုင်အောင် ခန္ဓာကိုယ်အတွင်း(ORGAN အားလုံး) အဇ္ဈတ္တက လိုက်အေးပေးဖို့ လုပ်ဆောင်ရပါတယ်၊ အဲ့ဒီလို လုပ်ဆောင်စဉ်မှာ အပြင်က ရေအေးအေး လောင်းချိုးလိုက်ရင် ခန္ဓာကိုယ် သွေးကြောထဲက သွေးတွေ ခဲကုန်နိုင်ပါတယ် (Intravascular coagulation)။ ဒါ့ကြောင့် အချို့သော ခန္ဓာကိုယ်အစိတ်အပိုင်းတွေမှာ သွေးခဲစေ နိုင်တဲ့ဓာတ် (Factors)တွေ လျော့ကုန်ပြီး သွေးထွက်ကုန်တာ တွေ့ရတတ် ပါတယ်။

**စိတ်သောက ရောက်ပြီဆိုမှတော့ ဘယ်လောက် ကောင်းကောင်း ကျွေးကျွေး ဘယ်စား ဝင်ပါ့မလဲ၊ ဘယ်အိပ်ပျော်ပါ့မလဲ။ ဂဏှာမငြိမ်ဖြစ်ပြီး နှလုံးပါ အားနည်းလာမယ်။ ခန္ဓာကိုယ်မှာရှိတဲ့ (System) ဖွဲ့စည်းပုံစနစ်များ ထိခိုက်လာမှာပေါ့။**

အရေပြားအောက် သွေးကွက်တာမျိုး၊ ဆီးအနီ၊ အညိုရောင် ပြောင်းတာ ဒါ့ကြောင့်ပါ"

"ဆရာကြီး ရှင်းပြတဲ့ အတွေးအခေါ်တွေက တိုင်းရင်းဆေးနည်းနဲ့ အခြေခံထားသော်လဲ ကျွန်တော်တို့လို ဆရာဝန်ဖြစ်ခါစ လူငယ်တွေပင် နားလည်နိုင်စွမ်းလို့ အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ သို့သော် တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ AIDSရောဂါများကို စိတ်နဲ့ ဘယ်လို ကုနိုင်သလဲဆိုတာကို ကျွန်တော် အလွန်ပဲ စိတ်ဝင်စားမိပါတယ်ခင်ဗျား"

"ဟုတ်ပါပြီ တူတော်မောင် တီဘီရောဂါဆိုပါတော့၊ ကမ္ဘာမှာ လူဦးရေ သန်းခြောက်ထောင်ရှိစဉ်က သန်းနှစ်ထောင် ကူးစက်ခံရပြီးပြီလို့ WHO က တွက်ချက်ထားပြီးသားပါ။ ထပ်ပြီး ဖော်ပြထားတာက သန်း ၃၀ပဲ ဝေဒနာခံစားနေကြရတယ်ဆိုပြန်တော့ လူဦးရေ ၆၆ ယောက် ကူးစက်ခံရရင် လူတစ်ယောက် ရောဂါရတယ်ဆိုတဲ့ အဖြေထွက်ပါလိမ့်မယ်။ အကယ်၍များ အဲဒီလူ ၆၆ယောက်ကို အစားအသောက် ကောင်းကောင်းပေးထားပြီး စိတ်ညစ်အောင် အမျိုးမျိုးသော နည်းဖြင့် လုပ်နေမယ်၊ တစ်ချိန်လုံး သောကဆိုတဲ့ အရာအားလုံး (Stress and Strain)ခံစားနေရမယ်ဆိုရင် တစ်ယောက်ထက်မက ၁၀-၂၀လောက်များ တီဘီရောဂါ ခံစားလာရမလားလို့ ဆရာတွေးမိပါတယ်"

"အဲဒါကိုလဲ ကျွန်တော် လက်ခံယုံကြည်ပါတယ်ခင်ဗျ။ **စိတ်သောက ရောက်ပြီဆိုမှတော့ ဘယ်လောက် ကောင်းကောင်းကျွေးကျွေး ဘယ်စား ဝင်ပါ့မလဲ၊ ဘယ်အိပ်ပျော်ပါ့မလဲ။ ဂဏှာမငြိမ်ဖြစ်ပြီး နှလုံးပါအားနည်းလာမယ်။ ခန္ဓာကိုယ်မှာရှိတဲ့ (System) ဖွဲ့စည်းပုံစနစ်များ ထိခိုက်လာမှာပေါ့** ဆရာကြီး"

"မှန်လိုက်လေ တူမောင်ရာ။ ဦးလေးချော၊ အမေညွန့်၊ ဦးလေးတင်အေးတို့လဲ လက်ခံတယ်မို့လား"

"ဟုတ်ပြီလားဆရာရယ်၊ စိတ်ထောင်းတော့ ကိုယ်ကျေ၊ ကျေနေတဲ့ကိုယ်မှာရောဂါဝင်ရင်၊ ဝင်ပြီးသား ရောဂါရှိရင် ပိုပြီး ထကြွ သောင်းကျန်းတော့မှာပေါ့"

"ငှက်ဖျားပိုးကိုလဲ ဤဥပမာဏအတိုင်း တွက်ကြည့်ရအောင်။ တပ်မတော်သားအားလုံး တပ်မတော်သားအဖြစ် လက်ခံတဲ့ နေ့ကစပြီး ငှက်ဖျားကာကွယ်ဆေး စားခဲ့ကြရပါတယ်။ ရှေ့တန်း နောက်တန်းမခွဲခြားနေ့စဉ် (တစ်ပတ်နှစ်ကြိမ်)စားကြရပါတယ်။ သို့သော် ရှေ့တန်းသွားကြတဲ့ တပ်မတော်သားတိုင်း ငှက်ဖျားဖြစ်သလား၊ ကာကွယ်ဆေးစားတဲ့လူတိုင်းမှာ ဖြစ်တဲ့လူဖြစ်၊ မဖြစ်တဲ့လူ မဖြစ်မို့လား၊ တွက်စရာ တစ်ခုတော့ ရှိတယ်ပေါ့လေ။ ခြင်ကိုက်ခံရသူနဲ့ မခံရသူ။ သို့သော် ခြင်ကိုက်ခံရတဲ့ သူတိုင်း ဖြစ်သလား။ နောက်ဆုံးပြောလိုက်မယ် ခန္ဓာကိုယ်ထဲ ငှက်ဖျားပိုး ရောက်တဲ့လူတိုင်း ရောဂါခံစားရသလား၊ ရောဂါခံစားရတယ်ထားဦး ပြင်းထန်မှုက တူသလား"

"ဆရာကြီး ဘာကို ဆိုလိုချင်တာလဲခင်ဗျာ"

"စိတ်ဓာတ်ကို ဆိုလိုချင်တာပါ။ စိတ်သောကမများဘူး၊ ယောက်ယက်မခတ်ဘူး၊ စိတ်တည်ငြိမ်စွာ ထားနိုင်မယ်ဆိုရင် ငှက်ဖျားပိုးဝင်တောင် ခံနိုင်ရည်ရှိမယ်ထင်ပါတယ်၊ သုတေသနလုပ်ကြည့်ဖို့ ကောင်းတဲ့ အချက်တစ်ချက်ပါ"

"Theory အရ ဖြစ်နိုင်ပါတယ်ဆရာကြီး၊ သို့ပေမယ့် အခြားထည့်တွက်စရာ (Factors)အချက်များလဲ ရှိဦးမလားလို့ပါ။ ဥပမာ-(Nutrition) အာဟာရတို့၊ (Immunity) ကိုယ်ခံစွမ်းအားတို့၊ (Varulance of Organism)ပိုးရဲ့ ပြင်းအားတို့ပေါ့"

"မှန်ပါတယ် တူတော်မောင် အဲဒီအချက်တွေကို (Constant) ပုံသေကိန်းထားကြည့်ကြရအောင်လေ၊ ဒါမှ သုတေသနတစ်ခု ထွက်လာမှပေါ့၊(One dimention) တစ်ဖက်မြင်ပေါ့၊ နောက်ကျမှ (2,3,4 dimention) နှစ်၊ သုံး၊ လေးဖက်မြင်ကြည့်ပြီး အဖြေဖော်ထုတ်ကြရအောင်လေ"

"HIV ပိုးနဲ့ပတ်သက်ရင်လဲ ဒီသီအိုရီကို Apply ကိုးကားလို့ ရပါတယ်။ HIV ပိုးဝင်ထားတဲ့ လူတစ်ယောက် ရောဂါဝင်မှန်းလဲ မသိ၊ စိတ်လဲ ချမ်းသာနေရင် ၄-၅နှစ်ကြာမှ AIDS ရောဂါနဲ့ လက္ခဏာတွေ ပေါ်လာတတ်ပေမယ့် HIVရောဂါလက္ခဏာပိုးဝင်မှန်း သိတဲ့ လူတစ်ယောက်ဟာ ၄-၅လအတွင်း AIDS လက္ခဏာတွေ ပေါ်လာပြီး ၂-၃လအတွင်း သေဆုံးသွားတတ်ကြပါတယ်။ အဲဒါ ၉၉ရာခိုင်နှုန်း စိတ်ကြောင့်လို့ ဆရာကြီး ပြောချင်ပါတယ်"

"ကျွန်တော် တွေ့ဖူးတယ် ဦးလေးတင်အေးရဲ့၊ လူနာတစ်ယောက် အထူးကုဆေးခန်းဝင်လာစဉ်က သားသားနားနား ကိုယ်အလေးချိန်ကျလာလို့ ဆေးစစ်ကြည့်ဖို့ TB များလား ဆိုပြီး လာပြတာ၊ ဓာတ်မှန်ကလဲ အကောင်းသား၊ ဘာရောဂါမှ မတွေ့ရ၊ သူ့မိဘက HIVပိုး စစ်ကြည့်ရင် ကောင်းမလားမေးတော့ ကျွန်တော်လဲ ဒါပဲ (Suspect) သံသယဖြစ်စရာ ကျန်တယ်။ နှလုံးခုန်နှုန်းလေး နည်းနည်းမြန်တာကလွဲလို့ တခြား (Disease) ရောဂါလို့ ပြောရလောက်အောင် မတွေ့ရဘူးဆိုပြီး စစ်ကြည့်တာပေါ့"

"(Retrovial test) ဒီဗိုင်းရပ်ပိုးအတွက် သွေးဖောက်စစ်ကြည့်ပြီး Result ကို ဆရာပဲပြပါလို့ သူနာပြုတွေကို မှာပါတယ်။ သူနာပြုတွေကလဲ လိုက်နာပါတယ်။ အဖြေက (+)ve ဖြစ်နေတော့ လူနာကို ပြုစုဖို့ အခန်းထဲဝင်တယ်ဆိုရင်ပဲ တစ်ခါသုံး လက်အိတ်တွေ သုံးကြတော့ လူနာကရိပ်မိသွားတယ်။ အဲဒီနောက် ညသန်းခေါင်ကျော်မှာ ဆုံးသွားတယ်။ သူ့မှာ ဒီရောဂါပိုးရှိတယ်ဆိုတာ မိဘဆွေမျိုးတွေနဲ့ ဇနီးကို မျက်နှာပြရမှာ ရှက်လို့ ထင်ပါတယ်၊ စိတ်ကြောင့် ဒီလောက် မြန်မြန်ဆန်ဆန် ဘဝကို နိဂုံးချုပ်သွားတာပါ"

"ဒီလို (Case) ရောဂါသည်တွေကို ဘယ်လိုကယ်တင်နိုင်မလဲဆိုတာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စဉ်းစားနေမှာပါဆရာ" ဦးတင်အေးက သူ့အယူအဆကို ပြောပါသည်။

"ဦးလေးတင်အေးခင်ဗျာ၊ တစ်ကမ္ဘာလုံးက ဆေးသစ်ရှာနေကြတာပါပဲ၊ ကျွန်တော်ကတော့ ရှိပြီးသားဆေးကိုပဲ စနစ်တကျ ပြန်သုံးချင်ပါတယ်။ အဲဒါကတော့ **(Insight meditation) ခေါ်တဲ့ ဝိပဿနာနည်းနဲ့** စိတ်ကို တည်ငြိမ်အောင် လုပ်သွားမယ် စိတ်ကူးပါတယ်၊ ကျွန်တော့်မှာ မဟာဗျူဟာရော နည်းဗျူဟာရော၊ အထောက်အထားတွေရော စဉ်းစားထားပါတယ် ခင်ဗျ၊ စိတ်ရဲ့စွမ်းအင်ဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးသော စွမ်းအင်ဆိုတာ ဦးလေးတို့အားလုံး သိကြပါတယ်။

"မြန်မြန်စဖြစ်အောင် စ စမ်းပါဆရာ၊ ကျွန်တော်တို့လဲ ဝိုင်းဝန်းပါဝင်ပါ့မယ်"

"ဒီနည်းကမှ **အသက်ရှည်စွာ အနာမဲ့ရေး ဆေးစွမ်းကောင်းကြီး** ဖြစ်မှာ ခင်ဗျ"။ ॥

# မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး တံခွန်စိုက်ဒိုင်း

## သေနတ်ပစ်ပြိုင်ပွဲ ဆုရရှိသူများ ဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၉

**၂၀၀၆ ခုနှစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ နယ်မြေခံတပ်ရင်း သေနတ်ပစ်ကွင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး



**မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ၂၀၀၆ ခုနှစ် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ပေးအပ်ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တံခွန်စိုက် ဒိုင်းနှင့် ဂုဏ်ပြုဆုငွေ များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ပြိုင်ပွဲဝင်များအား ဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

### ဘောလုံးပြိုင်ပွဲ

ညနေ ၃ နာရီတွင် တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်သည် မြစ်ကြီးနားမြို့ ပြည်နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားကလပ်အသင်းပေါင်းစုံ ပထမတန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဧည့်ပရိသတ်များနှင့် အတူ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကချင် အထူးဒေသ(၂)အသင်းနှင့် ဂျိတ်လင်းအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

### ဆုများပေးအပ်

ပြိုင်ပွဲအပြီးတွင် ဆုရအသင်းများနှင့် နေရာအလိုက်အကောင်းဆုံးအားကစားသမားများအား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ ကချင်အထူးဒေသ(၂) အသင်းအား တိုင်းမှူးက တံခွန်စိုက်ဒိုင်း ဆုပေးအပ် ချီးမြှင့်သည်။ **(သတင်းစဉ်)**



**မိဘများကို အမှူးထား၍ Dr. Glenn Post- ဒေါက်တာ မေသိန်းထို (USA) မိသားစုက ဒဂုံမြို့နယ် အမှတ်–၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးကျင်းပပြီးစီး

ရန်ကုန် ဒီဇင်ဘာ ၁၉

**စတုတ္ထအကြိမ် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မန္တလေးမြို့ရှိ Sedona Hotel ၌ ဒီဇင်ဘာ ၁၅ရက် နံနက်ပိုင်းက နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပသည်။**(အောက်ပုံ)



တတိယအကြိမ် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အာဆီယံ နိုင်ငံများနှင့် ဂျပန်၊ တရုတ်နှင့် ကိုရီးယားနိုင်ငံများအတွင်း ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး ပဉ္စမအကြိမ် အာဆီယံ လူမှု ဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် ကျင်းပရန် သဘောတူညီကြသည်။

### လေ့လာ

မွန်းလွဲပိုင်းတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်၊ ကုသိုလ်တော်ဘုရားနှင့် ရွှေချည်ထိုးလုပ်ငန်းများကို သွားရောက်လေ့လာကြသည်။

### တည်ခင်းဧည့်ခံ

ညပိုင်းတွင် အစည်းအဝေး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မန္တလေးမြို့ မြနန္ဒာစားသောက်ဆိုင်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဂုဏ်ပြုညစာစားပွဲတည်ခင်းဧည့်ခံပြီး ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် ဖိလစ်ပိုင်နိုင်ငံမှ အဖွဲ့ခေါင်းဆောင် Ms. Alicia D. Rosa bala က အာဆီယံ အဆင့်မြင့်အရာရှိကြီးများကိုယ်စား မြန်မာနိုင်ငံ၏ နွေးထွေးစွာ ဧည့်ဝတ်ကျေပွန်မှုအပေါ် ဂုဏ်ပြုစကား ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

# မဟာဒုက်ဘုရားများ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀)အဖွဲ့(အင်းစိန်)ကကြီးမှူး၍ ဒီဇင်ဘာ ၂၃ ရက် မှ ၂၅ ရက်အထိ ကျိုက်ထီးရိုးစေတီတော်၊ ကျိုက်သလွံစေတီတော်၊ ကျိုက္ခမီဘုရားများတွင် ကျင်းပမည့် ဆီမီး၊ နံ့သာ (၉၉၀၀)စီပူဇော်ပွဲအတွက် မဟာဒုက်ဘုရားမဲဖွင့်ပွဲကို ယမန်နေ့နံနက်က ဆီမီး (၉၉၀၀) အဖွဲ့ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုရားတစ်ဆူပူဇော်ခွင့်နှင့်ဘုရားဖူးစရိတ်ငြိမ်းလိုက်ပါခွင့်ကို ဆရာဦးလှသိန်း(အထက–၂) အင်းစိန်၊ ဦးဝင်းမြင့် မီးခံအုတ်စက်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်၊ ဒေါ်ခင်လှ အောက်မင်္ဂလာဒုံလမ်း၊ ရွာမအရှေ့ အင်းစိန်၊ ဒေါ်ခင်စန်းရှိန်(က)၅ လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်၊ ဒေါ်နီနီလွင် ဖော့ကန်ရပ်ကွက်၊ ရွာမရှေ့ အင်းစိန်တို့က ရရှိသွားကြသည်။ **(က–ပ)**

# ပိုးမွှားနှိမ်နင်းရေး လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၁၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းမှ တိုင်းမန်နေဂျာ ဦးကြည်ဟန်ဦးဆောင်၍ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမျိုးခင်၊ မြို့နယ်မန်နေဂျာ ဦးခင်အောင်နှင့် သီးနှံကာကွယ်ရေး ရုံးချုပ်မှဝန်ထမ်းများ၊ မြို့နယ်ဝန်ထမ်းများသည် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၊ ညောင်ပင်ကျေးရွာရှိ ပဲမျိုးစုံ စိုက်ခင်းများသို့ ကွင်းဆင်း၍ ပိုးမွှား/ရောဂါများ စစ်ဆေးသည်။**(အပေါ်ပုံ)**

### ဆောင်ရွက်ပေး

အဆိုပါအဖွဲ့သည် ညောင်ပင်ကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ရာ၌ စိုက်ပျိုးကေ၃၀၌ ငမြောင်တောင်ပိုးများတွေ့ရှိရပြီး ၁၀ကေခန့်မှာ ပိုးမွှားကောင်ရေများပြားသဖြင့် လက်ဦးမှုရယူပြီး ပိုးမွှားနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

### ပညာပေးပြသ

ဆက်လက်၍ ပိုးမွှားကာကွယ်ရေးအဖွဲ့သည် ကျေးရွာများသို့ ကွင်းဆင်း၍ လက်တွေ့ပညာပေးပြသခြင်း၊ အသုံးပြုရမည့်ဆေးမျိုးများအား ပြသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်းသိရသည်။

၂၀၀၆–၂၀၀၇ ခုနှစ် စိုက်ပျိုးရာသီအတွင်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်တွင် ပဲတီစိမ်း စိုက် ကေစုစုပေါင်း ၉၂၆၂ ကေ စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



### အမှာစကားပြောကြား

**ဒီဇင်ဘာ ၁၆ ရက်က ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ်(၂/၂၀၀၆)သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဝင်းတင် အမှာစကားပြောကြားစဉ်။** (က–ပ)

# အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရစာရင်းများကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၂၀၀၆ ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ဆုရရှိသူများ စာရင်းကို သက်ဆိုင်ရာက ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုကို **ရွှေအင်းသားခင်မောင်ဝင်း၊ ဒုတိယဆုကို ကိုဦး(Image Hunter)၊ တတိယဆုကို မောင်ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ နှစ်သိမ့်ဆုများကို ကိုဦး(Image Hunter)၊ တက္ကသိုလ်ဟန်မင်းဦး(Best Photo) နှင့် စိုင်းခမ်းလင်း(Hawk Eyes)**တို့က အသီးသီး ရရှိကြသည်။

### အမြန်ဆက်သွယ်

ဆုရရှိသူများသည် အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့ ဖုန်း–၅၃၆၈၁၄၊ ၅၂၇၁၂၂(လိုင်းခွဲ–၁၀၄၊ ၁၄၈)သို့ အမြန်ဆက်သွယ်ကြရန်ဖြစ်သည်။ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုနေပြည်တော်၌ ကျင်းပမည့် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတို့၏ ဆုနှင်း သဘင်အခမ်းအနား၌ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မထင်မှတ်ပဲ မလေးရှားအသင်း၏ ဖိအားပေးမှုကိုခံရ (နည်းပြ ဦးဆန်းဝင်း)
# မြန်မာအသင်း ကစား၍မရအောင် လုပ်နိုင်ခဲ့ (မလေးရှားနည်းပြ)

**မန္တလေး ဒီဇင်ဘာ ၁၉**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co.,Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၆ခုနှစ် **ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်များ**ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ(ယူ-၂၃)အသင်းနှင့် အင်ဒိုနီးရှား(ယူ-၂၃)အသင်းတို့ ဂိုးမရှိ သရေပွဲဖြစ်သွားပြီး မလေးရှား(ယူ-၂၃)အသင်းက မြန်မာ့လက်ရွေးစင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

## ဂိုးမရှိသရေ

ညနေ ၃နာရီခွဲတွင် ပထမပွဲအဖြစ် မြန်မာ(ယူ-၂၃)အသင်းနှင့် အင်ဒိုနီးရှား(ယူ-၂၃)အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိသရေပွဲ ဖြစ်သွားသည်။

နှစ်သင်းစလုံးအတွက် ဗိုလ်လုပွဲတက်ရောက်နိုင်ရေး အဆုံးအဖြတ်ပွဲစဉ်ဖြစ်၍ ရေကုန်ရေခန်းယှဉ်ပြိုင်ကစားရာ အကြိတ်အနယ်ရှိခဲ့သည်။ ပထမပိုင်း၌ မြန်မာ(ယူ-၂၃)အသင်း အချိတ်အဆက်မိပြီး ခြေအသာစီးမှုကစားနိုင်ခဲ့သည်။ နှစ်သင်းစလုံး ဂိုးရရှိရေးအတွက် တိုက်စစ်ဆင်ကစားသော်လည်း ဂိုးပေးရမည်ကို စိုးရိမ်ပြီး အမှားနည်းအောင် ကစားခဲ့ကြသည်။

ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်းက ဂိုးရရှိရေးတင်ကစားလာရာ မြန်မာအသင်းနောက်တန်းလူများ မနားတမ်းဖျက်ထုတ် ကာကွယ်ခဲ့ရသည်။ ပွဲပြီးခါနီးတွင် အင်ဒိုနီးရှားအသင်း အဆက်မပြတ် ထိုးဖောက်နိုင်ရာ ဂိုးရလုရခင်ဖြစ်ခဲ့သည်။ မြန်မာအသင်းဂိုးသမား ကျော်ဇင်ထက် နေရာယူမှန်ပြီး အစွမ်းပြကာကွယ်နိုင်၍ ပွဲအပြီးတွင် တစ်မှတ်စီခွဲယူလိုက်ရသည်။

## ပေးအပ်ချီးမြှင့်

ပွဲအပြီးတွင် ပွဲစဉ်အလိုက်အကောင်းဆုံး ဆုရရှိသွားသော အင်ဒိုနီးရှား(ယူ-၂၃) အသင်းမှ ကျောနံပါတ်(၁၈) အာမက်ဘူစတိုနီအား I.B.T.C ကုမ္ပဏီမှ Admin & Finance ဒါရိုက်တာ ဦးလွင်အောင်အေးက အမေရိကန်ဒေါ်လာ ၂၀၀ ပေးအပ်ချီးမြှင့်သည်။

## မြန်မာ(ယူ-၂၃)

မြန်မာ(ယူ-၂၃)အသင်းတွင် **(ဂိုး)** ကျော်ဇင်ထက်၊ **(နောက်တန်း)**အေးဆန်း၊ ထူးကျော်၊ အောင်ကျော်ဦး၊ ချမ်းချမ်း၊ **(အလယ်တန်း)**ကျော်ဌေးဦး (တိုးမြင့်လှိုင်)၊ စိုးလင်းထွန်း၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ **(ရှေ့တန်း)** လှအေးထွေး(ပြည့်ဖြိုးဦး)၊ ဘိုဘိုအောင်(ပိုင်စိုး)တို့ ပါဝင်ကစားခဲ့ကြသည်။

## ရှင်းလင်းပြောကြား

ပွဲအပြီးတွင် နှစ်ဖက်အသင်းမှ နည်းပြများ ရှင်းလင်းပွဲပြုလုပ်ရာ စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကို မေးမြန်းကြသည်။ ရှေးဦးစွာ အင်ဒိုနီးရှား(ယူ-၂၃)အသင်း လက်ထောက်နည်းပြ Mr.Boy က ပြောကြားရာတွင်**"ယနေ့ပွဲသည် အလွန်ကြည့်ကောင်းသည့်ပွဲဖြစ်ကြောင်း၊ အိမ်ရှင် မြန်မာအသင်းကစားပုံကောင်းကြောင်း၊ မြန်မာအသင်း Fighting Spirit ကောင်းသဖြင့် ပထမပိုင်း၌ မိမိတို့အသင်းကစားကွက် ကစဥ့်ကလျားဖြစ်ခဲ့ရကြောင်း၊ ဒုတိယပိုင်း၌ မိမိတို့အသင်းကစားကွက်ဖော်နိုင်ပြီး ဂိုးသွင်းရန်ကြိုးစားသော်လည်း ဂိုးကံခေခဲ့ကြောင်း၊ ဗိုလ်လုပွဲတက်ရန် အခွင့်အရေးနည်းသော်လည်း မလေးရှား(ယူ-၂၃) အသင်းကို အနိုင်ကစားမည်ဖြစ်ကြောင်း"** ပြောကြားသည်။

## မြန်မာနည်းပြ

ဆက်လက်၍ မြန်မာ(ယူ-၂၃) အသင်းနည်းပြ ဦးတင်မြင့်အောင်က ရှင်းလင်းပြောကြားရာ **"မိမိတို့ အသင်းအနေဖြင့် သရေကျအောင် ခံစစ်ချည်း ကစားမည်ဟု မရည်ရွယ်ပါကြောင်း၊ အင်ဒိုနီးရှားအသင်း၏ ကစားပုံမှာ ပထမပွဲကထက် လျော့သည်ဟုထင်ပါကြောင်း၊ အင်ဒိုနီးရှားအသင်းမှ ကျောနံပါတ်(၈)နှင့် ကျောနံပါတ် (၉)တို့ ကစားပုံကို ကြိုက်ပါကြောင်း၊ နောက်တန်းလူ ဟန်ဝင်းအောင် ထိခိုက်ဒဏ်ရာ ရရှိထား၍ မပါဝင်နိုင်သော်လည်း စိုးရိမ်စရာမရှိဘဲ နောက်ပွဲစဉ်၌ ပါဝင် လာနိုင်မည် ဖြစ်ကြောင်း၊ ယနေ့ပွဲ ရလဒ်အပေါ် ကျေနပ်ပါကြောင်း၊ ယနေ့ပွဲ၌ နောက်တန်းလူအေးဆန်း အကောင်းဆုံးကစားနိုင်ခဲ့ကြောင်း"** ပြောကြားသည်။

## အနိုင်ရရှိ

ညနေ ၆နာရီတွင် ဒုတိယပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှား(ယူ-၂၃) အသင်းတို့ ယှဉ်ပြိုင်ကစားရာ မလေးရှား(ယူ-၂၃)အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပထမပွဲစဉ်၌ မြန်မာ(ယူ-၂၃) အသင်းကို တစ်ဂိုးဖြင့် ကပ်ရှုံးခဲ့ရသော မလေးရှား(ယူ-၂၃) အသင်းသည် ယနေ့ပွဲတွင် ခြေစွမ်းပြ ကစားပြီး မြန်မာ့လက်ရွေးစင်အသင်းကို အနိုင်ယူသွားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ပွဲစသည်နှင့် အနိုင်ရရှိရေး တင်ကစားသော်လည်း မလေးရှား(ယူ-၂၃) အသင်းက မြန်မာအသင်း စိတ်ကြိုက်ကစားခွင့်မရအောင် ကွက်ပြည့် နင်းကစားသွားသည်။ မြန်မာ့လက်ရွေးစင်အသင်းမှ စိုးမြတ်မင်း ကန်သွင်းသော ဘောလုံး ဂိုးဘားတန်းထိပြီး ထွက်သွားသကဲ့သို့ အောင်မြင့်အေး ခေါင်းတိုက်သွင်းယူသော ဘောလုံးမှာလည်း ဂိုးတိုင်ထိပြီး ထွက်သွား၍ သေချာပေါက်နှစ်ဂိုး နစ်နာခဲ့ရသည်။

## အနိုင်ဂိုး

မလေးရှား(ယူ-၂၃) အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်း၌ ကျောနံပါတ်(၁၄)ဇန်ဘာရီကထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူပေးခြင်းဖြစ်သည်။ မြန်မာအသင်းမှ တိုက်စစ်မှူးရန်ပိုင်သည် သေချာပေါက်ဂိုးသွင်းခွင့် နှစ်ကြိမ်ရရှိသော်လည်း ပိုင်နိုင်စွာ အသုံးမချနိုင်ခဲ့ချေ။ မြန်မာ့လက်ရွေးစင်အသင်းက အရှုံးဂိုးချေပနိုင်ရေးအတွက် တိုက်စစ်မြှင့် ကစားသော်လည်း မလေးရှား(ယူ-၂၃)အသင်း နောက်တန်းလူများက အကွက်ကျကျ ဖျက်ထုတ်ကစားနိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းက ကျော်သူရအစား ကျော်သီဟ၊ ခင်မောင်ထွန်းအစား စိုးသီဟအောင်တို့ကို လူစားလဲပြီး တိုက်စစ်အားမြှင့်သော်လည်း ထူးခြားမလာဘဲ ပြိုင်ဘက်အသင်းကို သုံးမှတ်အပြည့်ပေးလိုက်ရသည်။

## အကောင်းဆုံးဆု

ပွဲအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသွားသော မလေးရှား(ယူ-၂၃)အသင်းမှ ကျောနံပါတ် (၁၄)ဘင်ဇန်ဘာရီအား I.B.T.C ကုမ္ပဏီမှ Admin & Finance ဒါရိုက်တာ ဦးလွင်အောင်အေးက အမေရိကန်ဒေါ်လာ ၂၀၀ ပေးအပ်ချီးမြှင့်သည်။

## မြန်မာ့လက်ရွေးစင်

မြန်မာ့လက်ရွေးစင်အသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ **(နောက်တန်း)** မင်းသူ၊ မိုးဝင်း၊ ဇော်လင်းထွန်း၊ ခင်မောင်လွင်၊ **(အလယ်တန်း)** ခင်မောင်ထွန်း၊ (စိုးသီဟအောင်)၊ အောင်မျိုးသန့်၊ အောင်မြင့်အေး၊ စိုးမြတ်မင်း၊ **(ရှေ့တန်း)** ကျော်သူရ၊ (ကျော်သီဟ)၊ ရန်ပိုင်တို့ ပါဝင်ကစားခဲ့ကြသည်။

## မလေးရှားနည်းပြ

ပွဲအပြီးတွင် နှစ်ဖက်အသင်းမှ နည်းပြများရှင်းလင်းပွဲ ပြုလုပ်ရာ စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကို မေးမြန်းကြသည်။ ရှေးဦးစွာ အနိုင်ရရှိသော မလေးရှား(ယူ-၂၃)အသင်းနည်းပြ ဆာသီယာက ပြောကြားရာတွင် **"မိမိယခင်က ပြောခဲ့ဖူးသည့်အတိုင်း မြန်မာ့လက်ရွေးစင်အသင်းသည် အသင်းကောင်းတစ်သင်း ဖြစ်ပါကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်းကို အနိုင်ရရန် မလွယ်သော်လည်း အနိုင်ရရှိ၍ ပျော်ရွှင်မိပါကြောင်း၊ ပထမပွဲရှုံးခဲ့သည့် အားနည်းချက်များကို ပြင်ဆင်နိုင်ခဲ့ကြောင်း၊ မန္တလေးမြို့သို့ ဒီဇင်ဘာ ၁၅ ရက်၌ ရောက်ရှိခဲ့ရာ ယခုပွဲကစားချိန်၌ ရာသီဥတုနှင့် အသားကျသွားပြီဖြစ်ကြောင်း၊ ယနေ့ပွဲ၌ မိမိတို့အသင်း ရာခိုင်နှုန်းပြည့် ကစားနိုင်ခဲ့ကြောင်း၊ မိမိတို့အနိုင်ရရှိခဲ့သည့် နည်းဗျူဟာမှာ ရိုးရိုးစင်းစင်းပင်ဖြစ်ပါကြောင်း၊ မြန်မာအသင်း ကစား၍ မရအောင် လုပ်ခြင်းပဲဖြစ်ပါကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် စိုးမြတ်မင်းအနေဖြင့် ယခင်ပွဲများလောက် မကစားနိုင်ဟုထင်ပါကြောင်း၊ မြန်မာအသင်း၏ အမှားအနေဖြင့်ပြောရလျှင် ကြီးကြီးမားမားမတွေ့ရကြောင်း၊ မိမိတို့ အနေဖြင့် မြန်မာအသင်း ဂိုးမသွင်းနိုင်အောင် ဖိအားပေးကစားနိုင်ခဲ့ကြောင်း၊ တောင်အာဖရိက၌ ခြေစမ်းပွဲကစားခဲ့ရသလောက် အားရမှုမရှိပါကြောင်း၊ နောက်ဆုံးဗိုလ်လုပွဲတက်မည်ဟု ယုံကြည်ပြီး ချန်ပီယံဆုဖလားရအောင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း"** ပြောကြားသည်။

## ဦးဆန်းဝင်း

ဆက်လက်၍ မြန်မာ့လက်ရွေးစင်အသင်းနည်းပြ ဦးဆန်းဝင်းက ပြောကြားရာတွင်**"မလေးရှားအသင်း ယနေ့ပွဲ ကစားသွားပုံမှာအလွန်ကောင်းကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရလျှင် မိမိတို့အဘက်ဘက်မှ မယှဉ်နိုင်ခဲ့ကြောင်း၊ ပြိုင်ဘက်မလေးရှားအသင်းကို လျှော့တွက်ခဲ့ခြင်းမရှိပါကြောင်း၊ ယခုကဲ့သို့ ရှုံးနိမ့်သွားခြင်းအတွက် တစ်ခဲနက်အားပေးကြသည့် မန္တလေးမြို့ခံ ပရိသတ်အပေါ် လွန်စွာစိတ်မကောင်းဖြစ်မိပါကြောင်း၊ မိမိတို့၏ အဓိကအမှားမှာ မထင်မှတ်ပဲ မလေးရှားအသင်း၏ ဖိအားပေးမှုကိုခံရခြင်းပင်ဖြစ်ကြောင်း၊ စိုးမြတ်မင်း ကြွံခိုင်မှု အပြည့်အဝမရသော်လည်း သူနှင့် အဆင့်တူကစားသမားမရှိ၍ လူစားလဲရန်မဖြစ်နိုင်ကြောင်း၊ လူစားလဲမှုအပိုင်းအနေဖြင့် မှားယွင်းသည်ဟုမထင်ပါကြောင်း၊ အောင်အောင်ဦးအနေဖြင့် တစ်ကြိမ်အမှားကြုံပြီး တစ်ဂိုးပေးလိုက်ရကြောင်း၊ အာဆီယံချန်ပီယံရှစ်အတွက် ပြန်လည်ပြင်ဆင်မှုများပြုလုပ်ရမည်ဖြစ်ရာ မိမိတစ်ဦးတည်းဖြင့် မဖြစ်နိုင်ကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အနိုင်ရရှိရေးအတွက် အမြဲတမ်းကြိုးစားသော်လည်း ရှုံးနိမ့်သွားရခြင်းအပေါ် သင်ခန်းစာယူ၍ ပြင်ဆင်သွားမည်ဖြစ်ပါကြောင်း"** ပြောကြားသည်။

## တတိယပွဲစဉ်

ဒီဇင်ဘာ ၂၁ ရက်**(မနက်ဖြန်)**တွင် တတိယပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှား(ယူ-၂၃)အသင်းနှင့် မလေးရှား(ယူ-၂၃)အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ(ယူ-၂၃)အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း သတင်းပေးပို့ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

သတင်းရေးသားပေးပို့သူ-ကိုထွေး

# ကျိုက္ကစံဆံတော်ရှင် ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဩဝါဒခံယူပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်၌တည်ထားကိုးကွယ်သော သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် ဆုတောင်းပြည့်စေတီတော်မြတ်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၀၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ရှင်ဉာဏိဿရ(သပိတ်အိုင်)နှင့် ဓမ္မကထိက ဆရာတော်ကြီးများ၏ အကြိုတရားပွဲကျင်းပရေး ဩဝါဒစရိယ ဆရာတော်ကြီးများ ထံမှ ဩဝါဒခံယူပွဲကို ယင်းစေတီတော်မြတ်ရှိ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်းကြီးအတွင်း၌ကျင်းပရာ ရှေးဦးစွာ ပရိသတ်တို့က မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဦးဝိမလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဂေါပကအဖွဲ့ အတွင်းရေးမှူးဦးစိုးမြင့်က ပွဲတော် ကျင်းပရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

## ဩဝါဒကထာ

ယင်းနောက် ကြွရောက်လာကြသည့် ဩဝါဒါစရိယဆရာတော်ကြီးများက ဩဝါဒကထာ မြွက်ကြားတော်မူကြသည်။

## ကျင်းပမည်

(၁၀၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် စေတီတော်ပရိဝုဏ်၌ အကြို တရားပွဲအဖြစ် သပိတ်အိုင်ဆရာတော်နှင့်တကွ ဓမ္မကထိကလေးပါးတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်း၊ မြန်မာ့ရိုးရာနှမ်းမနဲထိုးကပ်လှူပွဲကျင်းပခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များ ကုသိုလ်ယူ မဟာဒုက်ကံစမ်းပွဲဖွင့်လှစ်ခြင်းနှင့် ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် ဇာတ်သဘင်၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

## ဟောကြား

ထို့နောက် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒကထာမြွက်ကြားတော်မူပြီး ရေစက်ချ အနုမောဒနာတရားကို ချီးမြှင့်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သောက်သုံးရေဖူလုံရေး စုပေါင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မင်းတပ်မြို့နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာဖြန့်ဖြူးပေးနိုင်ရေးအတွက် ၁၄မိုင်၊ ၁၂မိုင်နှင့် ကိုးမိုင်တို့ရှိ ရေထွက်စမ်းများတွင် ရေကန်နှင့်ရေစစ်ကန်များပြုပြင်ထိန်းသိမ်းခြင်း၊ ရေသွယ်ပိုက်များ ပြုပြင်ခြင်းနှင့် မြို့ ရေပေးကန်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆောင်၍ အဖွဲ့ရုံးဝန်ထမ်းများက ဒီဇင်ဘာ ၆ရက်မှ ၁၀ရက်အထိ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာနိုင်ငံအနှံ့ အခအေးပိုလာ

(၁၈-၁၂-၂၀၀၆)

| | | |
|---|---|---|
| ဟားခါး | - | ၆ ဒီဂရီ စင်တီဂရိတ် |
| လွိုင်ကော် | - | ၈ ဒီဂရီ စင်တီဂရိတ် |
| အမ်း | - | ၉ ဒီဂရီ စင်တီဂရိတ် |
| မင်းတပ် | - | ၉ ဒီဂရီ စင်တီဂရိတ် |
| တောင်ကြီး | - | ၁၀ ဒီဂရီ စင်တီဂရိတ် |
| ပြင်ဦးလွင် | - | ၁၀ ဒီဂရီ စင်တီဂရိတ် |
| ပူတာအို | - | ၁၁ ဒီဂရီ စင်တီဂရိတ် |
| သာယာဝတီ | - | ၁၁ ဒီဂရီ စင်တီဂရိတ် |
| ကသာ | - | ၁၂ ဒီဂရီ စင်တီဂရိတ် |
| ရန်ကုန်(မင်္ဂလာဒုံ) | - | ၁၄ ဒီဂရီ စင်တီဂရိတ် |
| ချောက် | - | ၁၄ ဒီဂရီ စင်တီဂရိတ် |
| မန္တလေး | - | ၁၈ ဒီဂရီ စင်တီဂရိတ် |
| ထားဝယ် | - | ၁၈ ဒီဂရီ စင်တီဂရိတ် |

(မြန်မာ့အလင်း)



**မြောက်ဥက္ကလာပမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယဦးစီးမှူး ဦးလှသောင်း၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူးမြင့်စိုးတို့ ဦးဆောင်သည့် သန္နှနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ (၂)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း မီးဖိုများ စစ်ဆေးကြစဉ်။** (က-ပ)

# ကမ္ဘာတစ်လွှား အားကစား

## နှစ်ဆန်းပိုင်းတွင် အဲရစ်ဆင် နည်းပြပြန်ဖြစ်လာနိုင်

**စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ**



**အင်္ဂလန်နည်းပြဟောင်းအဲရစ်ဆင်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဒီဇင်ဘာ ၁၉**

အင်္ဂလန်နည်းပြဟောင်းအက်စ်ဗန်ဂိုရမ်အဲရစ်ဆင်သည် ကလပ်အသင်း သုံးသင်းနှင့် နည်းပြလုပ်ရန် ဆွေးနွေးလျက်ရှိကြောင်း၊ ယင်းတို့အနက်မှ အသင်းတစ်သင်းနှင့် စာချုပ်လိမ့်မည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့် က ပြောကြားသည်။

စာချုပ်မည် မချုပ်မည်ဆိုသည်မှာ မသေချာသော်လည်း လာမည့် နှစ်ဆန်းပိုင်းတွင် အားလုံးအဆုံးသတ်လုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း အဲရစ်ဆင်၏ အေးဂျင့်က ဆက်လက်ပြောကြားသည်။

**ငြင်းဆို**

အဆိုပါ ကလပ်အသင်း သုံးသင်းတွင် မာဆေး၊ ပဲရစ်စိန့်ဂျာမိန်းနှင့်ကာတာမှအသင်းတစ်သင်း ဖြစ်သည်ဟု ဆိုသည်။ သို့ရာတွင် ထိုကိစ္စနှင့် စပ်လျဉ်း၍ ၎င်းအသင်းသုံးသင်းက ငြင်းဆိုထားသည်။

အသက် ၅၈ နှစ်ရှိပြီဖြစ်သော အဲရစ်ဆင်သည် ကမ္ဘာ့ဖလားအပြီး အင်္ဂလန်အသင်းနည်းပြအဖြစ်မှ အနားယူခဲ့သူဖြစ်သည်။ **(အင်တာနက်)**

## ဗီလာအသင်းတောင့်တင်းရန်လိုပြီ နည်းပြ အိုနေးလ် ပြောကြား



**ဗီလာနည်းပြ မာတင်အိုနေးလ်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဒီဇင်ဘာ ၁၉**

အက်စတွန်ဗီလာအသင်းကို ဇန်နဝါရီလ အပြောင်းအရွှေ့ တံခါးပိတ်ချိန်တွင် ပို၍တောင့်တင်း ခိုင်မာသောအသင်းတစ်သင်း ဖြစ်စေလိုကြောင်း နည်းပြ မာတင်အိုနေးလ်က ပြောကြားလိုက်သည်။

**အနိုင်မရသေး**

စတီလီယန်ပီထရိုဗ်သည် မာတင်အိုနေးလ် လွှဲပြောင်းယူပြီးနောက် အဓိကစာချုပ်ခေါ်ယူခဲ့သည့် ကစားသမားဖြစ်သည်။ မိမိအနေဖြင့် ရာသီအစကတည်းက အသင်းတောင့်တင်းမှု အားနည်းနေ၍ စိုးရိမ်နေခဲ့ရသည်ဟု ၎င်းကဆိုသည်။ ဗီလာအသင်းသည် မာတင်အိုနေးလ်လက်ထက်တွင် ခြောက်ပွဲကစားခဲ့ရာတွင် တစ်ပွဲမျှ အနိုင်မရသေးပေ။ လာမည့်ပွဲများတွင်လည်း မန်ယူနှင့် ချယ်လ်ဆီးတို့ကို ယှဉ်ပြိုင်ရမည့်ပွဲများ ပါဝင်နေသည်။ **(အင်တာနက်)**

## ဖလားရရှိရေး မျှော်လင့်ချက် မရှုံးပါ မန်ယူနည်းပြ ဖာဂူဆန်ပြောကြား



**မန်ယူနည်းပြဆာအလက်ဇ်ဖာဂူဆန်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဒီဇင်ဘာ ၁၉**

မန်ချက်စတာယူနိုက်တက် အသင်းသည် ပရီမီယာလိဂ်ဖလား ပြိုင်ပွဲတွင် ဖလားရရှိရေးမျှော်လင့်ချက် အတွက်မည်သည့်အခါမျှ ရှုံးနိမ့်လိမ့်မည် မဟုတ်ကြောင်း ဆာအလက်ဇ် ဖာဂူဆန်က ပြောကြားလိုက်သည်။

**ရေတိမ်နစ်ခဲ့**

မန်ချက်စတာယူနိုက်တက် အသင်းသည် ချယ်လ်ဆီးက အဲဗာတန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းရလဒ်ကြောင့် မိမိတို့တုန်လှုပ်လိမ့်မည်မဟုတ်ကြောင်း၊ မိမိတို့သည် နှစ်မှတ်အသာရနေဆဲဖြစ်ကြောင်း၊ ဖလားရရှိရေးဆုံးဖြတ်ချက်မှာ ဒီဇင်ဘာလမဟုတ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ မန်ချက်စတာယူနိုက်တက် အသင်းသည် အပ်တွန်ပတ်၌ အခွင့်အလမ်းများစွာ ဖန်တီးနိုင်ခဲ့ကြောင်း၊ သို့ရာတွင် ပွဲပြီးရန် ၁၅ မိနစ်အလိုတွင် ရီယိုကိုတာ၏ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ ရေတိမ်နစ်ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

## ကမ္ဘာ့ အကောင်းဆုံးဘောလုံးသမားဆု အီတလီအသင်းခေါင်းဆောင် ကင်နာဗာရိုဆွတ်ခူး

ဂျီနီဗာ ဒီဇင်ဘာ ၁၉

**ဖာဘီယိုကင်နာဗာရိုသည် နောက်တန်းဘောလုံးသမားများထဲမှ ပထမဆုံးသော ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဖြစ်လာသည်။**



**ကမ္ဘာ့ အကောင်းဆုံးဘောလုံးသမားဆုဆွတ်ခူးသွားသော ကင်နာဗာရို။** (ဓာတ်ပုံ-အင်တာနက်)

**ဆွတ်ခူး**

အဆိုပါ ကမ္ဘာ့ဖလားအကောင်းဆုံး ဘောလုံးသမားဆုကို အမျိုးသမီးဘောလုံးသမားများအားလည်း ဇူးရစ်မြို့၌ ဖီဖာက ပေးအပ်ချီးမြှင့်ရာ ဘရာဇီးကွင်းလယ်ကစားသမား မာတာက ရွှေတံဆိပ်၊ အမေရိကန် အသင်းခေါင်းဆောင် ခရစ္စတင်းလီလီက ငွေတံဆိပ် ဆွတ်ခူးပြီး ဂျာမနီမှ ရေနာတီလင်ဂေါက ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

အကောင်းဆုံး ဂိုးသမားဆုကို အီတလီအသင်းမှ ဂိုးသမားဘတ်ဖွန်းက ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

ကင်နာဗာရိုသည် ၂၀၀၆ ကမ္ဘာ့ဖလားကိုဗိုလ်စွဲနိုင်ရန် အီတလီအသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းသည်ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် ရီးရဲမက်ဒရစ်သို့ ရောက်ရှိလာသည်။

**ရွေးချယ်ခံရ**

အသက် ၃၃နှစ်ရှိ အဆိုပါ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို နိုင်ငံအလိုက်နည်းပြ ၁၆၅ဦးနှင့် နိုင်ငံ ၁၆၅ နိုင်ငံမှ အသင်းခေါင်းဆောင်များက မဲပေးရွေးချယ်ခဲ့ရာ ၄၉၈ မဲဖြင့် အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်ခံရခြင်း ဖြစ်သည်။

**ဒုတိယရ**

ပြင်သစ်လက်ရွေးစင် အသင်းမှ အနားယူသွားသော ဇီနက်ဒင်းဇီဒန်းက ၄၅၄ မဲဖြင့် ဒုတိယရပြီး ဘရာဇီးနှင့် ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟိုက ၃၈၀မဲဖြင့် တတိယနေရာမှ လိုက်နိုင်ခဲ့သည်။

၎င်းသည် မကြာမီက ဥရောပ အကောင်းဆုံး ဘောလုံးသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။



**ကမ္ဘာ့ အကောင်းဆုံးဘောလုံးသမား ဒုတိယဆုရ ဇီဒန်း (ယာ)နှင့် တတိယဆုရှင် ရော်နယ်ဒင်ဟိုတို့အား ဆုတံဆိပ်များနှင့် အတူ ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

## မန်ယူရှေ့တန်း တိုက်စစ်အတွက် ဆွီဒင်တိုက်စစ်မှူးလာဆင်လာပြီ

**ရေးသားတင်ပြသူ မြင့်မောင်စိုး**

**လန်ဒန် ဒီဇင်ဘာ ၁၉**

ဟင်ရစ်လာဆင်သည် မန်ချက်စတာယူနိုက်တက် အသင်းနှင့်အတူ ဒီဇင်ဘာ ၁၈ရက်က ပထမဆုံးအကြိမ်အဖြစ် လေ့ကျင့်နေပြီ ဖြစ်သည်။



**နယူးကာဆယ်နှင့်ပွဲတွင် စတင်ကစားမည့် မန်ယူတိုက်စစ်မှူးလာဆင် (အလယ်)အား မန်ယူကစားသမားများနှင့်အတူတွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

**စောင့်ကြည့်ခဲ့ရ**

အသက် ၃၅နှစ်ရှိ ဘာစီလိုနာ တိုက်စစ်မှူးဟောင်း လာဆင်သည် ဟက်ဆယ်ဘော့မှ အငှားလာရောက်ကစားခြင်း ဖြစ်သည်။ ၎င်းသည် အသင်းသစ် မန်ယူ၏ ဝက်စ်ဟမ်းကို ရှုံးနိမ့်ရာတွင် စောင့်ကြည့်ခဲ့ရသည်။

**ပါဝင်ကစားမည်**

လာဆင်သည် ဆွီဒင်သို့ ၎င်း၏ မိသားစုနှင့်အတူ ခရစ္စမတ်ပွဲတော်ဆင်နွှဲရန်မပြန်မီ မန်ယူတွင် တစ်ပတ်ကြာ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဆွီဒင်တိုက်စစ်မှူးသည် မန်ယူတွင် နှစ်လခွဲကြာ နေသွားပြီး ၎င်း၏ပွဲဦးထွက်ပွဲအဖြစ် ဇန်နဝါရီ၁ရက်တွင်နယူးကာဆယ်အသင်းနှင့်ယှဉ်ပြိုင်ရာ၌ ပါဝင်ကစားဖွယ်ရှိသည်။ **(အင်တာနက်)**

## ပရီမီယာလိဂ်ပွဲစဉ် (၁၈)လက်ကျန်ပွဲ ဖူလ်ဟမ်က မစ်ဒယ်ဘရော့ကိုနိုင်

**လန်ဒန် ဒီဇင်ဘာ ၁၉**

ပရီမီယာလိဂ်ပွဲစဉ်(၁၈) လက်ကျန်ပွဲအဖြစ် ဖူလ်ဟမ်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မိုက်ဘရစ်၏ အနိုင်ဂိုးဖြင့် ဖူလ်ဟမ်က နှစ်ဂိုး-တစ်ဂိုးဖြင့် မစ်ဒယ်ဘရော့အသင်းကို အနိုင်ရလိုက်သည်။

မစ်ဒယ်ဘရော့အသင်းသည် ပွဲအစတွင် ခြိမ်းခြောက်ကစားနိုင်ခဲ့သော်လည်း ဖူလ်ဟမ်အသင်းက နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၇၄ မိနစ်တွင် မစ်ဒယ်ဘရော့အသင်းမှ ဗီဒူကာက တစ်ဂိုးသာ ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဖူလ်ဟမ်တို့ ပထမပိုင်းတွင် နှစ်ဂိုးသွင်းထားနိုင်ခဲ့၍ မစ်ဒယ်ဘရော့ကို အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည်။

သို့သော်လည်း ယင်းတို့နှစ်ဖက်စလုံးသည် ပရီမီယာလိဂ်တွင် တန်းဆင်းရန်အတွင်းမှ လွတ်မြောက်ရေးအတွက် ရုန်းကန်နေကြရသည့်အသင်းများ ဖြစ်သည်။ **(အင်တာနက်)**

# ကမ္ဘာ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ သရုပ်ဖော်နှင့် အားကစားပြိုင်၊ ဆုချီးမြှင့်ပွဲ ညောင်ဦး၌ကျင်းပ

**ညောင်ဦး ဒီဇင်ဘာ ၁၅**

ညောင်ဦးခရိုင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးအဖွဲ့က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ သရုပ်ဖော်ပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားနှင့် ကျန်းမာရေးပညာပေးပြခန်း ပြသခြင်းတို့ကို ဒီဇင်ဘာ ၆ရက်က ညောင်ဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပရာ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**ဆုပေးအပ်ချီးမြှင့်**

ဆက်လက်၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ အားကစား၊ သရုပ်ဖော်ပြိုင်ပွဲများကို ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်တင်ညိုညိုလတ်တို့က ပြိုင်ပွဲအလိုက် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ကျန်းမာရေးပညာပေး ပြခန်းပြသထားမှုကို လေ့လာကြည့်ရှုကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



**ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာ ကတ္တရာ လမ်းချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၁ရက်က ညွှန်ကြားရေးမှူး ဦးလှမျိုးကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦး ခင် ကျော် က ရှင်းလင်း တင်ပြစဉ်။** (မြို့နယ်စည်ပင်)

**ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး နိုဝင်ဘာ ၁၆ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# ဆရာဇော်ဂျီ ရာပြည့်အထိမ်းအမှတ် ဖိတ်ခေါ်ကဗျာပြိုင်ပွဲ ကျင်းပမည်

**ဖျာပုံ ဒီဇင်ဘာ ၁၀**

ဆရာဇော်ဂျီ၏ မွေးရပ်မြေဖြစ်သော ဖျာပုံမြို့တွင် ၂၀၀၇ ခုနှစ် ဧပြီ ပထမပတ်၌ ကျင်းပမည့် ဆရာဇော်ဂျီ ရာပြည့်အထိမ်းအမှတ် အခမ်းအနားအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖိတ်ခေါ် ကဗျာပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

ကဗျာပြိုင်ပွဲစည်းကမ်းချက်များမှာ မြန်မာကဗျာ အခြေခံစပ်ထုံးစပ်နည်း အမှန်ဖြင့် ရေးသားစပ်ဆို သီကုံးထားသော ကဗျာဖြစ်ရမည်။ ဆရာဇော်ဂျီ၏ စာပေနှင့်ဂုဏ်ကျေးဇူးကို ခံစားဖွဲ့ဆိုသော အကြောင်းအရာပါသည့် ကဗျာဖြစ်ရမည်။ မည်သည့်စာနယ်ဇင်းတွင်မျှ မဖော်ပြရသေးသော မိမိပင်ကိုရေး ကဗျာဖြစ်ရမည်။ စာကြောင်းရေ၊ ပိုဒ်ရေအကန့်အသတ်မရှိ ရေးသားစပ်ဆိုနိုင်သည်။ ပြိုင်ပွဲဝင် ကဗျာစာမူများကို ရန်ကုန်မြို့ရှိ ကဗျာဆရာကြီးများဖြင့် ဖွဲ့စည်းထားသော ဆုရွေးချယ်ရေးအဖွဲ့က စိစစ်ရွေးချယ်ဆုံးဖြတ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများကို ရာပြည့်အခမ်းအနားသို့ ဖိတ်ခေါ်၍ ထိုက်တန်စွာ ဆုများချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူသည် မိမိကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း ဝန်ခံချက်၊ အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ နေရပ်လိပ်စာအပြည့်အစုံကို ဖော်ပြပြီး လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့်အတူ ဆရာဇော်ဂျီ ရာပြည့်အထိမ်းအမှတ် ကျင်းပရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစံဦး အမှတ်၄၆ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၅ရပ်ကွက် ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၂၅၀၊ ဦးမြင့်အောင်(ဖိုးအောင်လေး)တွဲဖက်အတွင်းရေးမှူး(၁)အမှတ်(၂၉) ရတနာလမ်း (၇)ရပ်ကွက် ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၂၈၀နှင့် ဦးလှအောင်(မောင်သဲခေါင်) အမှုဆောင် အမှတ်(၄၄) ဒုတိယလမ်း(၅)ရပ်ကွက် ဖျာပုံမြို့တို့သို့ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရသည်။ **(၃၇၉)**

# ကျေးရွာ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး နတ်တလင်းမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

နတ်တလင်း ဒီဇင်ဘာ ၁၀

**ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် ပေါင်း ၃၅၈တိုက်ရှိရာ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ခိုင်မာ ရှင်သန်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန သာယာဝတီခရိုင် ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းသည် မြို့နယ်ဦးစီးမှူး ဒေါ်လဲ့ဝါမြင့်နှင့်ဝန်ထမ်းများလိုက်ပါလျက် နိုဝင်ဘာ၂၈ရက် နံနက် ၉နာရီက လှပခြင်း ကျေးရွာအုပ်စုနှင့် ရွှေကြာပင် ကျေးရွာအုပ်စုများသို့လည်းကောင်း၊ ၂၉ရက်က စောင်းဗုက်၊ လက်ပံပင်စု၊ တင်ပြင်ခွေ ကျေးရွာအုပ်စုများ၌ လည်းကောင်း ကျေးရွာပြည်သူများ၊ စာကြည့်တိုက်ကော်မတီများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။**

(အောက်ပုံ)

**အလားတူ နိုဝင်ဘာ ၂၀ရက်နှင့် ၂၁ ရက်များက မိုးညိုမြို့နယ်ရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုသို့ သွားရောက်ပြီး စာကြည့်တိုက် ကိုယ်ပိုင်အဆောက်အအုံ ရရှိရေး တွန်းအားပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။** (မြို့နယ်ပြန်/ဆက်)





## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**ပြာသိုလဆန်း ၃ ရက်**
**၂၁-၁၂-၂၀၀၆**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (နိုင်ငံတစ်ဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေမည့် တို့တိုင်းပြည်)
- ၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
  - (၁) နဝဓုတင်္ဂါစာရ မဟာထေရ် မြတ်၏ ဘဝဖြစ်စဉ် ဓမ္မကျင့်စဉ်များ- ရွှေဟသ်ာဖြူဝင်း (သိပ္ပံဂုဏ်ထူး)
  - (၂) သူငယ်ချင်း (အမှတ်-၂) (ကောင်းသန့်)
- ၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (လူ့နှလုံးကျန်းမာရေးကို စစ်ဆေးခြင်း) (မောင်ဆုရှင်)
- ၁၂း၃၀ အစာနှင့် အာဟာရ (သကြားသီးနှင့် ကတွတ်သီး)
- ၁၂း၄၅ ကျန်းမာရေးရာပြန်ကြားလွှာ

**ညနေပိုင်း**

- ၁၅း၃၀ Grand Royal Challenge Cup 2006 မလေးရှား ယူ ၂၃နှင့် အင်ဒိုနီးရှား လက်ရွေးစင်
- ၁၇း၀၀ တေးစီးရီး
- ၁၈း၀၀ မြန်မာလက်ရွေးစင်နှင့် မြန်မာ ယူ ၂၃
- ၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) လက်ကလေးများချမ်းလှပြီ (အေးမြမြ)
  - (၂) ငယ်ချစ်ဦးနှင့် တွေ့ဆုံခြင်း (ကိုမြသိန်း)
  - (၃) သဲမောင်မောင်ကြောင့် ခက်တော့တယ် (လှမိအေး)



**ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်မည့် ကိုရံတောင် ဘုရားလမ်း ကတ္တရာခင်းရန်အတွက် ကျောက်များစုဆောင်းထားမှုကို နိုဝင်ဘာ ၁၂ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး စစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)

# မိုင်းယောင်း၌ လမ်းအဆင့်မြှင့်ရန် ကျောက်ချောများခင်း

**မိုင်းယောင်း ဒီဇင်ဘာ ၁**

မိုင်းယောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် မြို့တွင်းလမ်းများ အသစ်ခင်းပေးခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၁ရက်က အမှတ်(၃)ရပ်ကွက် စံပယ်လမ်းသွယ်(၂) ကျောက်ချောများ ခင်းခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာဦးမြင့်လင်းက ကြီးကြပ်၍ ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# သီးနှံစပါးပြည့်အင်အား တားဆီးကာကွယ်မီးအန္တရာယ်

# စဉ့်ကူးမြို့နယ်အဆင့် မိုးစပါးစံကွက် ရိတ်သိမ်းခြွေလှေ့



**စဉ့်ကူး ဒီဇင်ဘာ ၈**

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာအုပ်စု ၂၀၀၆-၂၀၀၇ခုနှစ် မြို့နယ်အဆင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၄ရက် နံနက် ၉နာရီက လက်ပန်လှကျေးရွာအုပ်စု ကွင်းအမှတ် (၂၄) ပင်လယ်ကြီးကွင်း၊ ဦးပိုင်အမှတ်(၆၈) တောင်သူဦးမြင့်၏ မနော်သုခ လယ်မြေဧက ၃ဒသမ၈၉ စံပြစိုက်ကွက်တွင် ကျင်းပသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အတွင်းရေးမှူး ဦးသန်းနွယ်၊ မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးငြိမ်းရ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျော်ကျော်ညွန့်နှင့် ကွင်းဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ရီနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ တက်ရောက်အားပေးကြပြီး**(အပေါ်ပုံ)** စံကွက်ရိတ်သိမ်းရေးကြီးကြပ်မှု ကော်မတီက စနစ်တကျ စံကွက်ရိတ်သိမ်းခြွေလှေ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း (အစို) ၁၁၇ ဒသမ ၁၅တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း စား သောက် ဆိုင်များ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချရေး၊ သန့်ရှင်းလတ် ဆတ် စွာ ရောင်းချမှု ရှိရေးတို့ကို နိုဝင်ဘာ ၂၄ရက်က ဒုတိယ ဦးစီးမှူး ဦးစိုးတင့်နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကွင်းဆင်းကြီးကြပ်စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# သန်လျင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ကြည့်ရှုစစ်ဆေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဒီဇင်ဘာ ၁၉

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်သို့ သွားရောက်၍ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

## ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် နံနက် ၇ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းတစ်လျှောက် လမ်းလယ်ကျွန်း၌ အရိပ်ရနှင့် အလှပန်းပင်များ စိုက်ပျိုးထားရှိမှု၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နန်းဟောဝန် ပန်းဥယျာဉ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခင်းကျင်း လျက်ရှိသည့် ပဲခူးစုရပ်ကွက် မဂ္ဂင်လမ်းအား မြေသားလမ်းခင်းကျင်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

## ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ တိုင်းမှူးက သန်လျင်မြို့နယ် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင် ဖြစ်ရေးအတွက် လမ်း၊တံတားများ ပြုပြင်ခင်းကျင်းခြင်း၊ လူနေရပ်ကွက်များ၊ ဈေးများ၊ သန့်ရှင်း၍ ကျန်းမာ ရေးနှင့်ညီညွတ်စေရန် ထိန်းသိမ်းခြင်း၊ ပန်းခြံများသန့်ရှင်းသာယာလှပစေရန် ထိန်းသိမ်းပြုစုခြင်းများကို ဆောင်ရွက် ကြရန်၊ သန်လျင်မြို့နယ်ကို အကောင်းဆုံးခရိုင် ရုံးစိုက်ရာစံပြမြို့နယ်ဆု၊ မြို့သာယာလှပရေးအကောင်းဆုံးမြို့နယ်ဆုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆုများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြို့ သန့်ရှင်းသာယာလှပပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာတာဝန်ရှိ သူအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်– သန်လျင် တံတားအမှတ်(၂) တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





## မိုးလေဝသအခြေအနေ

၂၀-၁၂-၂၀၀၆

**နေပြည်တော်**

**နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။**

**ရန်ကုန်မြို့**

**ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် သာယာမည်။**

**မန္တလေးမြို့**

**မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် သာယာမည်။**

**ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီးဥယျာဉ် စိန်ရတု အထိမ်းအမှတ်ပွဲတော်၊ အမျိုး သားအထိမ်းအမှတ် ဥယျာဉ်နှင့် ပထမအကြိမ် ပန်းပွဲတော်တို့ကို ပြည်သူများ လာရောက်ကြည့်ရှု လေ့လာ အပန်းဖြေအနားယူ ကြစဉ်။** (သတင်းစဉ်)

# ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်စိန်ရတုအထိမ်းအမှတ်ပွဲတော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် ပထမအကြိမ်ပန်းပွဲတော် ကြည့်ရှုလေ့လာအပန်းဖြေသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာ ဝန်ကြီးဌာနက ကြီးမှူးကျင်းပလျက်ရှိသော အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်ပွဲတော်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲနှင့် ပထမအကြိမ် ပန်းပွဲတော်များကို တစ်လကြာ ကျင်းပလျက်ရှိပြီး ပျော်ပွဲ ရွှင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲများကို ဒီဇင်ဘာ ၁၈ ရက်တွင် ဖျော်ဖြေရေး နောက်ဆုံးနေ့အဖြစ် ကျင်းပရာ ပြည်သူအများအပြား ပျော်ရွှင်စွာကြည့်ရှု အားပေးကြသည်။

## ကြိတ်ကြိတ်တိုးစည်ကား

အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း၌ ရာသီအလိုက် ပန်းခင်းများ၊ ရှုခင်းအလှများ၊ ပန်းပွဲတော်၌ ခင်းကျင်းပြသထားသော အလွန်လှပသည့် ပန်းပြကွက်များကို လာရောက်အပန်းဖြေကြည့်ရှုသူ များနှင့် ပြည့်နှက်လျက်ရှိသည်။ ပွဲတော်အတွင်း ခင်းကျင်းရောင်းချသည့် ဈေးဆိုင်တန်းများ၊ ဖက်ရှင်ပြပွဲများနှင့် Dream Boat Service Co., Ltd. က တင်ဆက်သည့် ပဟေဠိနန်းတော် အစီအစဉ်တို့တွင် ပြည်သူများ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

## စည်ကားလျက်ရှိ

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်အတွင်း တည်ဆောက်ထား သော ပြည်ထောင်စုကြီးအတွင်းမှ ပြည်ထောင်စုငယ်သဖွယ်ဖြစ်နေသော သဘာဝ အထိမ်းအမှတ်များနှင့်

*စာမျက်နှာ ၉ ကော်လံ ၁* ✻